# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် ကြာသပတေးနေ့။ Thursday, 7 May 2026 ၁၂၁၇၁






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံ့စီးပွားရေး အားကောင်းလာစေရေးအတွက် MSME လုပ်ငန်းများကို မဖြစ်မနေအားပေးမြှင့်တင်

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ MSME လုပ်ငန်းများ အထူးအလေးထားအားပေးသွားရန်နှင့် ဒေသမှထွက်ရှိသည့်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ အဓိကထားဆောင်ရွက်

**နေပြည်တော် မေ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ယခုထက် ပိုမိုကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်**

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်ပြီး "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့" ဟု ဆောင်ပုဒ်ချမှတ်ထားသည်နှင့်အညီ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင် အဓိကကျသည့် ပို့ကုန်၊ သွင်းကုန်များကို လေ့လာဆန်းစစ်ချက်များအရ မိမိတို့နိုင်ငံမှ အထည်ချုပ်လုပ်ငန်းထုတ်ကုန်များ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့လျက်ရှိပြီး ပြည်ပမှ လောင်စာဆီများ၊ စားသုံးဆီများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို တင်သွင်းနေရပြီး ကုန်သွယ်မှုလိုငွေရှိနေဆဲဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ယခုထက်ပိုမို၍ ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်သည်ဟု အဖြေထွက်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ




**အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖလမ်းမြို့သို့ရောက်ရှိ**

စာမျက်နှာ » ၉

**သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် ပြုသွားမည်**

**ဓာတ်မြေသြဇာများ တင်သွင်းမှု အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု**

စာမျက်နှာ » ၄

**နိုင်ငံ့သားကောင်းတာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်**

စာမျက်နှာ » ၁၁

**၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ လူရည်ချွန်မောင်မယ်များ လူရည်ချွန်စခန်းသီးသီးသို့ စတင်ထွက်ခွာ ဒေသန္တရလေ့လာရေးခရီးစဉ်များ သွားရောက်**

စာမျက်နှာ » ၈



# လူ့စွမ်းအားအရင်းအမြစ်အင်အားဖြင့် နိုင်ငံတော်အနာဂတ်ကိုဖော်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားကို မေလ ၅ ရက် နေ့က နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ ဩဝါဒအမှာစကားပြောကြားရာတွင် "နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် လူငယ်များ၏အင်အားများဖြင့် တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ လူငယ်တိုင်းသည် နိုင်ငံကို ဦးဆောင်နိုင်သူမဖြစ်သော်လည်း လူငယ်အားလုံးသည် နိုင်ငံတော်၏ အနာဂတ်ကို အကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

လူငယ်လူရွယ်များသည် နိုင်ငံတော်၏ အနာဂတ်၊ နိုင်ငံတော်၏ အဓိက အင်အားစုများဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာ ပြည့်ဝရန်လိုအပ်သကဲ့သို့ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များရှိပြီး နိုင်ငံ့အကျိုး၊ အများအကျိုးကို သယ်ပိုးထမ်းရွက်မည့်သူများ ဖြစ်ကြရမည်ဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မိမိတို့နိုင်ငံ၏ ကောင်းမြတ်သည့် အစဉ်အလာများနှင့် ဓလေ့ထုံးစံများ၊ သမိုင်းကြောင်းများ၊ သဘာဝတောတောင်ရေမြေများ၊ သယံဇာတ အရင်းအမြစ်များကို တန်ဖိုးထားပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က လူငယ်လူရွယ်များကို နယ်ပယ်ပေါင်းစုံ၌ ပြုစုပျိုးထောင်ရာတွင် နှစ်စဉ်နှစ်တိုင်း ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်၊ လူရည်ချွန်မောင်မယ်စသည်ဖြင့် နယ်ပယ်အသီးသီးတွင် နှစ်ပေါင်းများစွာ မွေးထုတ်ပေးလျက်ရှိသည်။ အချို့နှစ်များတွင် ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း အလားတူ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ကာ ကျန်းမာသန်စွမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့်၊ ထူးချွန်ထက်မြက်ပြီး ဗဟုသုတပြည့်ဝသည့် လူကောင်း၊ လူတော်များ၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများမှတစ်ဆင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ပညာတတ်လူငယ်မောင်မယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

ထို့အပြင် ကျောင်းသား ကျောင်းသူအချင်းချင်း လူရည်ချွန် ရွေးချယ်ခံရသူများကို အားကျအတုယူလိုစိတ်၊ မိမိကိုယ်တိုင် လူရည်ချွန်ဖြစ်အောင် ကြိုးစားလိုစိတ်များနှင့် ကောင်းမွန်သောယှဉ်ပြိုင်မှုများဖြင့် အဘက်ဘက်၌ လေ့လာသင်ယူလိုစိတ်များကို မြှင့်တင်ပေးခြင်းလည်းဖြစ်သည်။ ထိုသို့ကောင်းမြတ်သည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေသည့် လူရည်ချွန်စီမံကိန်းသည် ဆယ်စုနှစ်များစွာ သန္ဓေတည်ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးရာ အစဉ်အလာကောင်းသည့် ပညာရေးစီမံကိန်းတစ်ခုလည်းဖြစ်သည်။ လူရည်ချွန်အဖြစ် ရွေးချယ်ခံရသူများသည် ခေတ်အဆက်ဆက်တွင် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းရွက်ခဲ့သကဲ့သို့ ယခုအချိန်တွင်လည်း နိုင်ငံ့တာဝန်များကို အဆင့်မြင့်စွာ ထမ်းဆောင်နေကြသူများလည်းရှိသည်။ ယခုအစိုးရအဖွဲ့အသီးသီး၌ လူရည်ချွန် ရွေးချယ်ခံရသူ ၁၂ ဦး ပါဝင်နေသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့မြင်ရသည်။

မြန်မာနိုင်ငံကို ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ များစွာလိုအပ်သည်။ ထို့ကြောင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရနှင့်အတူ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများအပါအဝင် တာဝန်ရှိသူများနှင့် နိုင်ငံသားအားလုံးက တစိုက်မတ်မတ် အလေးထားဆောင်ရွက်ကြရန်လိုသည်။ ၂၁ ရာစု အသိပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ဘဝတစ်သက်တာ လေ့လာသင်ယူနေရန်၊ စွမ်းဆောင်ရည် ပြည့်ဝနေရန်လိုသည်။ မိမိကိုယ်တိုင်အစဉ်အမြဲလေ့လာသင်ယူနေရန်နှင့် ပြင်ပဗဟုသုတများနှင့် အသိပညာအမျိုးမျိုးအတွက် စာအုပ်၊ စာပေများကို လေ့လာဖတ်ရှုနေကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်တိုင်းသည် နိုင်ငံကို ဦးဆောင်နိုင်သူ မဖြစ်သော်လည်း လူငယ်အားလုံးသည် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ထုဆစ်အကောင်အထည်ဖော်ကြမည့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသောကြောင့် ဘက်စုံထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားအားထုတ်ပြီး အမျိုးသားအကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ နိုင်ငံတကာအသိုက်အဝန်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များနှင့် စည်းလုံးညီညွတ်ပြီး အနာဂတ်နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဆင္ဒသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို မေ ၁၀ ရက်အထိ ဆက်လက်ဖွင့်လှစ်ပြသမည်

ရန်ကုန် မေ ၆

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို ဧပြီ ၃၀ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ စတင်ဖွင့်လှစ်ခဲ့ရာ စိတ်ပါဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြည်ညိုနိုင်ရန်အတွက် မေ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ဖွင့်လှစ်ပြသထားရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၆-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၈~၃၆၆၉ | ၅၅၈.၄~၅၅၈.၇ | ၁၂၅.၃~၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၃,၃၃၂,၈၄၆.၆၄ | ၄၃,၄၂၄,၈၁၄.၄၆ | ၈၅,၀၁၁,၃၉၄.၀၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဂျုံ၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၇၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၂၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၆ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၃,၅၀၀ | ၃,၃၀၅ | ၄၃,၆၁၇,၅၀၀ |
| MTSH | ၆,၄၀၀ | ၆,၃၀၀ | ၁,၉၈၁ | ၁၂,၆၃၀,၅၀၀ |
| MCB | ၉,၅၀၀ | ၉,၅၀၀ | ၀ | ၀ |
| FPB | ၄,၃၀၀ | ၄,၂၀၀ | ၉၅ | ၃၉၉,၂၀၀ |
| TMH | ၃,၂၀၀ | ၃,၂၅၀ | ၄၄၀ | ၁,၄၀၈,၂၅၀ |
| EFR | ၁,၈၀၀ | ၁,၈၀၀ | ၁,၇၃၇ | ၃,၁၂၆,၆၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၄၁ | ၁၆၄,၀၀၀ |
| MAEX | ၄,၁၀၀ | ၄,၁၀၀ | ၁,၀၄၈ | ၄,၂၉၆,၈၀၀ |
| MADPL(PLB) | ၃,၄၅၀ | ၃,၅၀၀ | ၄,၂၃၄ | ၁၄,၆၅၇,၃၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၄၆၄ | ၁၇,၈၆၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့် မြန်မာ့ပေါ်ဆန်းနှင့် မြန်မာ့ကော်ဖီတို့ကို အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်

☆ ရှေ့ဖုံးမှ

**ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့ရသည်များကို သင်ခန်းစာယူ၍ ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်**

မိမိတို့အစိုးရအဖွဲ့သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုမှ ၎င်းတို့၏ စိတ်သဘောဆန္ဒများအလျောက် ဆန္ဒမဲပေးရွေးချယ်ပြီး ထွက်ပေါ်လာခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များက ရွေးကောက်တင်မြှောက်ထားသည့် ရွေးကောက်ခံအစိုးရအဖွဲ့ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် တက်ကြွစွာဖြင့် စည်းကမ်းတကျလာရောက်၍ မဲရုံများ၌ ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ မဲပေးသူအများစုမှာ အသက် ၁၈ နှစ်နှင့် ၅၀ အကြားဖြစ်ကြကြောင်း၊ ၎င်းတို့၏ သဘောဆန္ဒအလျောက် မဲပေးခြင်းဖြစ်ကြောင်း၊ မဲပေးရာတွင် စနစ်တကျဖြင့် တန်းစီ၍မဲပေးခဲ့ကြခြင်းကို တွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ်ကြောင်း။

ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်ပြီး အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ လူငယ်ပိုင်းနှင့် လူလတ်ပိုင်းများ အများစုဖြစ်ကြကြောင်း၊ ရွေးကောက်ပွဲတွင် ပါတီပေါင်း ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ၆ ပါတီရှိခဲ့ကြောင်း၊ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၁ ဦး ရွေးကောက်ခံခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဒီမိုကရေစီစနစ်နှင့်အညီ အားလုံးပါဝင်သည့် ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ် အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့်ဦးဆောင်မှုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးလည်မသုန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများက ရွေးချယ်ထားသည့်အစိုးရဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အချို့သောနိုင်ငံများအနေဖြင့် ပြည်သူများကရွေးချယ်ထားသည့် ဒီမိုကရေစီနည်းလမ်းနှင့်အညီ တာဝန်ထမ်းဆောင်နေသည့် မိမိတို့အစိုးရအပေါ်၌ ကန့်သတ်မှုများ၊ စီးပွားရေးပိတ်ဆို့မှုများကို ဖိအားပေးလုပ်ဆောင်နေကြဆဲဖြစ်ကြောင်း၊ ဒီမိုကရေစီနည်းလမ်းတကျ မိမိဆန္ဒဖြင့် လာရောက်မဲပေးကြသူများကို ဒီမိုကရေစီနိုင်ငံများက တန်ဖိုးထားရန်လိုပါကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်စေရေး ဆက်လက်ဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဆက်လက်အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့် လျော်ညီသည့် ပြောင်းလဲမှုများကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ခေတ်စနစ်နှင့်လျော်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အမျိုး၊ ဘာသာသာသနာ၊ ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း အားနည်းချက်ရှိသည်များကို ပြင်ဆင်၍ ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်သည်များကို ထိန်းသိမ်းသွားကြရန်လိုကြောင်း။

**သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေး**

သွင်းကုန်ကဏ္ဍတွင် စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပမာဏများစွာ တင်သွင်းနေရဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံများ စိုက်ပျိုးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် စားသုံးဆီများကို ပြည်ပမှ တင်သွင်းနေရခြင်းမှာ မဖြစ်သင့်ကြောင်း၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့်ဆီထွက်သီးနှံနှင့်ပတ်သက်၍ စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးက စနစ်တကျဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ပို့ကုန်ကဏ္ဍတွင် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်ရှိသည့် လူဦးရေ၊ စားသုံးနိုင်မည့်ပမာဏနှင့် ဆန်ထွက်ရှိမှုတို့ကို တွက်ချက်၍ ပိုလျှံသည့်ဆန်တင်ပို့မှုပမာဏများကို တွက်ချက်ရနိုင်ကြောင်း၊ ပိုလျှံသည့် ဆန်ရရှိမှုနှင့် ဈေးကွက်ရရှိမှုအပေါ်မူတည်၍ ပို့ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊

> ☆ **ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ခေတ်စနစ်နှင့်လျော်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လို**
>
> ☆ **ပို့ကုန်များတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်**
>
> ☆ **ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲ တို့ကိုအခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်**

**“ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်”** ဖြစ်ပြီး ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ပေါ်ဆန်းမွှေးဆန်သည် နိုင်ငံတကာဈေးကွက်တွင် နာမည်ရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပို့ကုန်တစ်ခုဖြစ်သည့်အတွက် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံမှထွက်ရှိသည့် ကော်ဖီသီးနှံသည်လည်း ဝယ်လိုအားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့် မြန်မာ့ပေါ်ဆန်းနှင့် မြန်မာ့ကော်ဖီတို့ကို အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး စသည့် ရာသီသီးနှံများသည် နေ့စဉ်မပါမဖြစ် အသုံးပြုနေရသဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ် သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ပို့ကုန်များတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် သုတေသနပြု ဆောင်ရွက်သွားကြရန်လိုကြောင်း။

အသား၊ ငါးများ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့်



ဒုတိယသမ္မတ ဦးညိုစော ဆွေးနွေးတင်ပြစဉ်။

ပတ်သက်၍လည်း ဒေသတွင်းစားသုံးမှုဖူလုံမှုမှ တစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲ တို့ကိုအခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း။

**ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းနှင့် MSME လုပ်ငန်းများကို အထူးအလေးထား အားပေးမြှင့်တင်၍ စီးပွားရေး တိုးတက်အောင်ဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများတိုးတက်လာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုသကဲ့သို့ ဒေသအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း သာယာလှပမှုနှင့် နှစ်လိုဖွယ်ရှိသည့် ဝန်ဆောင်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက ခရီးသွားဝင်ရောက်မှုများလည်း တိုးတက်လာစေမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားဝန်ဆောင်မှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် သွားလာနေထိုင်စားသောက်မှုတို့တွင် အခြားသောဖွံ့ဖြိုးတိုးတက်နေသည့်ဒေသများ၊ နိုင်ငံများကို အတုယူ၍ သွားချင်စဖွယ်၊ လာချင်စဖွယ်၊ နေချင်စဖွယ်ဖြစ်အောင် ဆောင်ရွက်ပြီး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့်ဒေသသို့ လာရောက်ကြသည့်ခရီးသွားများအားလုံး၏ မှတ်ချက်ကောင်းကိုရရှိနိုင်ရေး နိုင်ငံသားတစ်ဦးချင်း၊ ဒေသခံတစ်ဦးချင်းစီမှစ၍ ကိုယ်စီအသိစိတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ **“အိမ်သာလျှင်ညှော်လာမည်”**ဟူသည့် စကားနှင့်အညီ သာယာလှပပြီး စည်းကမ်းစနစ်တကျရှိသည့် ပတ်ဝန်းကျင်ကောင်းကို ပုံဖော်ဖန်တီးနိုင်ရေး တာဝန်ရှိသူများအားလုံးက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လိုက်နာဆောင်ရွက်ရမည့် ဝန်ထမ်းများ၊ ကိုယ်စီအသိစိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည့် ပြည်သူများအားလုံးအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံ့စီးပွားရေး အားကောင်းလာစေရေးအတွက် MSME လုပ်ငန်းများကို မဖြစ်မနေအားပေးမြှင့်တင်ကြရန်လိုပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် SME လုပ်ငန်းများကို အားထားနေရဆဲဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း MSME လုပ်ငန်းများကို အထူးအလေးထားအားပေးသွားရန်နှင့် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အဓိကထား၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစု၊ လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကြမ်းများကို ပြည်ပမှ ဝယ်ယူ၍ဆောင်ရွက်ခြင်းထက် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ MSME လုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို နိုင်ငံတော်က ထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့်ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ စီးပွားရေးမြှင့်တင်မှုလုပ်ငန်းတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းစွာဖြင့် နိုင်ငံတော်ကပေးအပ်ထားသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကာ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ယခင် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်နှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၏ မဆင်မခြင်ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်မှနစ်နာဆုံးရှုံးခဲ့ရသည့် ငွေကြေးပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၄၄ သန်းနှင့် ငွေကျပ် ၂၂၆ ဒသမ ၁၀၇ ဘီလီယံ ဆုံးရှုံးခဲ့ရကြောင်း၊ ထိုကဲ့သို့ မဖြစ်စေရေးအတွက် မိမိတို့အနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စဉ်းစားဆင်ခြင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်အနေဖြင့် များစွာဆုံးရှုံးနစ်နာရနိုင်သည်ဖြစ်သဖြင့် အဂတိမှုများနှင့်ပတ်သက်၍ အရေးယူရသည်များမဖြစ်ရန်လိုကြောင်း၊ အဂတိလိုက်စားမှုများမရှိစေရေး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အလိုက်ကြပ်မတ်ထိန်းသိမ်းကြရန်လိုကြောင်း မှာကြားသည်။

**သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နွေစပါးနှင့် မိုးသီးနှံများအတွက် လိုအပ်သော ယူရီးယားမြေဩဇာနှင့် စက်သုံးဆီများ တောင်သူလက်ဝယ်အချိန်မီရောက်ရှိရေး၊ သစ်စိမ်းမြေဩဇာနှင့် သဘာဝမြေဩဇာသုံးစွဲမှုကို မြှင့်တင်ပြီး အရည်အသွေးမမီသောမြေဩဇာများ ဈေးကွက်အတွင်း မပျံ့နှံ့စေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ နေကြာ၊ နှမ်း ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဆန်စပါး Export Zone များမှတစ်ဆင့် **စာမျက်နှာ ၄ သို့ ☆**

## ဒီဇယ်ဆီတင်သွင်းမှု အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်း မြင့်တက်နေခြင်းကြောင့် စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြု မောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် (၂%) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့် ပြုသွားမည်ဖြစ်ကြောင်း ၂-၄-၂၀၂၆ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၅-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ဓာတ်မြေဩဇာများ တင်သွင်းမှု အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံ အုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ % ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ၂-၄-၂၀၂၆ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၅-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် ပြုသွားမည်

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်း မြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ သဘာဝဓာတ်ငွေ့အသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုစရိတ်ကို လျော့ကျစေရေးနှင့် အများပြည်သူအနေဖြင့် ဓာတ်အားခဈေးနှုန်းသက်သာစေရေးတို့အတွက် ထိန်းညှိနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

၃။ အဆိုပါ အခွန်ကင်းလွတ်ခွင့်သည် ဖော်ပြပါကာလအတွင်း အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အတွက်သာ အကျုံးဝင်မည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

☆ စာမျက်နှာ ၃ မှ

ပြည်ပတင်ပို့မှု မြှင့်တင်ရေး၊ ပဲပုပ်စိုက်ပျိုးရေး၊ ရေချိုပုစွန်သားဖောက်ထုတ်လုပ်ရေးနှင့် ပြည်တွင်းထုတ်မျိုးချောင်းများဖြင့် နို့စားနွားမျိုးစပ်လုပ်ငန်းများ အောင်မြင်ရေးဆောင်ရွက်လျက်ရှိမှု၊ လယ်ယာမြေများကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းလမ်းဖြင့်သုံးစွဲနေမှုများကို ထိရောက်စွာတားဆီးရေးဆောင်ရွက်လျက်ရှိမှု၊ သမဝါယမအသင်းများမှ တောင်သူများကို စနစ်တကျဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ အသေးစားစက်မှုလုပ်ငန်းများအတွက်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ ဓာတ်မြေဩဇာများ တောင်သူများလက်ဝယ်သို့ ရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိလျက်ရှိမှု၊ အခြေခံကျသည့် မွေးမြူရေးလုပ်ငန်းများအား မှန်ကန်သည့် ကုန်ထုတ်လုပ်မှုများဖြစ်အောင် ဆောင်ရွက်လျက်ရှိမှု။

ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးရာတွင် လေလွင့်ဆုံးရှုံးမှုများ မဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကမ်းလွန်စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရေးအတွက် သန့်လျင်ရေနံချက်စက်ရုံအား ပြန်လည်တည်ဆောက် အဆင့်မြှင့်တင်လျက်ရှိမှု၊ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စက်သုံးဆီများ သယ်ဆောင်ဖြန့်ဖြူးပေးရာတွင် စနစ်တကျဖြင့် ရယူသုံးစွဲနိုင်ရေး Digital စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားများရရှိရေး သဘာဝဓာတ်ငွေ့နှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုတို့အား အဓိကထားထုတ်လုပ်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိစေရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်စေရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုများတွင် လေလွင့်ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိမှု။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းမှတ်ပုံတင်များ ပေးလျက်ရှိမှု၊ MSME ပြပွဲများ၊ ကုန်ထုတ်လုပ်မှုနှင့် လုပ်ငန်းစွမ်းဆောင်မှုမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ရန်လျာထားဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးလျက်ရှိမှုနှင့် အေဂျင်စီများဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများမြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏အားပေးဆောင်ရွက်မှုများကြောင့် MSME လုပ်ငန်းများလျင်မြန်စွာဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အဆင့် MSME ပြပွဲများ ကျင်းပလာနိုင်မှု၊ ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှုနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဝါးအခြေခံတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျောင်းပြင်ပသို့ ရောက်ရှိနေသည့်ကလေးများ ကျောင်းပြန်တက်နိုင်ရေး Placement Test များစစ်ဆေး၍ အစိုးရကျောင်းများတွင် ပြန်လည်လက်ခံရေးနှင့် စနစ်တကျစာရင်းကောက်ယူဆောင်ရွက်နေမှု၊ ပုဂ္ဂလိကကျောင်းများ စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်ကိုက်ညီမှုရှိစေရေး စစ်ဆေးဆောင်ရွက်သွားရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ဒုတိယသမ္မတ ဦးညိုစောက ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်များအား ပြီးပြတ်အောင် ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**တင်ပြချက်များအပေါ်**
**ပြန်လည်ဖြည့်စွက်ဆွေးနွေးမှာကြား**

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အဓိကကျကြောင်း၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ အာလူးများကို စိုက်ပျိုးလျက်ရှိကြောင်း၊ အဓိကအားဖြင့် တစ်ဧကအထွက်နှုန်းများကောင်းရန်နှင့် အချက်အလက်များ မှန်ကန်မှုရှိရန်လိုကြောင်း၊ ဆန်တင်ပို့မှုများ တိုးတက်လာစေရေးအတွက် အရည်အသွေးကောင်းမွန်သည့်ဆန်များ စိုက်ပျိုးရရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ မန္တလေး၊ ရှမ်းပြည်နယ်တို့တွင် နေကြာ၊ ပဲပုပ်နှင့် နှမ်းကို စိုက်ပျိုးကြပြီး လက်ရှိစိုက်ပျိုးဧကအတိုင်း တစ်ဧကပန်းတိုင် ရည်မှန်းချက်အထွက်နှုန်း ရရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးတို့တွင် စပါး၊ ပဲ၊ နှမ်း၊ ပြောင်းတို့အပါအဝင် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးများအနေဖြင့် ပြည်ပပို့ကုန်ပိုမိုတိုးမြှင့်ရရှိနိုင်ရေး စိုက်ပျိုးရန်လိုသကဲ့သို့ ပြည်နယ်များအလိုက်လည်း ဒေသတွင်းစားရေးဖူလုံရေးအတွက် အဓိကထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

သမဝါယမစနစ်မှတစ်ဆင့် ကျေးလက်နေပြည်သူများ စီးပွားပိုမိုဖြစ်ထွန်းလာစေပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးမူကြီး(၅)ရပ် ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေးစသည်တို့ကိုအခြေခံ၍ သမဝါယမစနစ်ကို ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ထို့ကြောင့် သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း။

လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဒေသအလိုက် ဖူလုံမှုရှိစေရေး လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို မိမိတို့ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ အပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်းဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်သုံးဆီများနှင့်ပတ်သက်၍ တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ထားနိုင်ကြောင်း၊ ဆီသိုလှောင်မှုများနှင့်ဖြန့်ခွဲမှုများ စနစ်တကျဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက် ရာတွင် ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူတရားမဝင် ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်မှုများမရှိစေရေးနှင့် စစ်ဆေးရေးဂိတ်များအနေဖြင့် စည်းကမ်းတကျ စစ်ဆေးဆောင်ရွက်စေရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စီမံကိန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့်အောင်မြင်အောင် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်အလိုက်ဆောင်ရွက်ရန် လုပ်ငန်းများကိုလည်း အောင်မြင်စွာဖြင့်ဆောင်ရွက်နိုင်ရေး အရှည်ကို မြော်တွေးပြီး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မြေနေရာများကို အသုံးချရာတွင်လည်း အရှည်ကို မြော်တွေးပြီး Master Plan များ ကြိုတင်ရေးဆွဲကာ စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်သည်များ ရှိသကဲ့သို့ ဒေသအလိုက်ဆောင်ရွက်ရသည်များလည်း ရှိပြီး ရေရှည်အကျိုးကိုကြည့်၍ စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

> ❖ **စိုက်ပျိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးများအနေဖြင့် ပြည်ပပို့ကုန်ပိုမိုတိုးမြှင့်ရရှိနိုင်ရေး စိုက်ပျိုးရန်လိုသကဲ့သို့ ပြည်နယ်များအလိုက်လည်း ဒေသတွင်းစားရေးဖူလုံရေးအတွက် အဓိကထားဆောင်ရွက်**
>
> ❖ **သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားကြရန်လို**
>
> ❖ **မိမိတို့တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်အလိုက် ဆောင်ရွက်ရန်လုပ်ငန်းများကိုလည်း အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်ရေး အရှည်ကို မြော်တွေးပြီး ဆောင်ရွက်သွားကြရန်လို**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

## ပြည်သူတစ်ရပ်လုံး ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဂုဏ်သိက္ခာရှိစွာ ဥပဒေ၏အကာအကွယ်အောက်တွင် နေထိုင်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၆**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများနှင့် ယနေ့နံနက်ပိုင်းတွင် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာ သုခရတနာကျောင်းတိုက် ဓမ္မာရုံ၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက ယခုကဲ့သို့ ဇေယျာသီရိမြို့နယ်ရှိ ဒေသခံပြည်သူများအား တွေ့ဆုံရသည့်အတွက် လွန်စွာဝမ်းမြောက်မိပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ မဲဆန္ဒရှင်ပြည်သူများက မဲပေးရွေးချယ် တင်မြှောက်ထားသည့် ပြည်သူ့ ကိုယ်စားလှယ်များ ပေါင်းစည်းထားသည့် နေရာဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအားကိုးအားထားပြုရမည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့် ပြည်သူတစ်ရပ်လုံး ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဂုဏ်သိက္ခာရှိစွာဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင်နေထိုင်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြည်သူများ အကျိုးစီးပွား ဖြစ်ထွန်းစေရန်အတွက် လက်ရှိပြဋ္ဌာန်းထားရှိသော တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ အမြန်ဆုံး ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြန်လည် ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွှတ်တော်၏လုပ်ငန်းစဉ်များကို သိရှိနားလည်စေရန် ရှင်းလင်းပြောကြားသည်။

ထို့ပြင် လွှတ်တော်၏ဆောင်ပုဒ်နှင့်အညီ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသည့်အတိုင်း မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒများနှင့်လိုလားချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူများ၏ အသံကိုနိုင်ငံတော်အစိုးရထံ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ရက်(၁၀၀) စီမံချက်ဖြင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ပြည်သူလူထုအတွက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်တွင်လည်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များရှိပါက လွှတ်တော်မှ တစ်ဆင့်နိုင်ငံတော်အစိုးရထံ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံမဲဆန္ဒရှင်ပြည်သူများက ငလျင်ကြောင့်ပျက်စီးခဲ့သည့် စေတီ၊ ပုထိုးများ ပြန်လည်ပြင်ဆင်ပေးနိုင်ရေး၊ ကျေးရွာတွင်းနှင့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းများ ခင်းပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးအတွက် စက်သုံးဆီရရှိရေးတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုတင်ပြချက်များကို မှတ်တမ်းတင်ထားရှိပါကြောင်း၊ လတ်တလော ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကွင်းဆင်းစစ်ဆေး၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

**မန္တလေး မေ ၆**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံ မြို့နယ်ရှိ တိုင်းဒေသကြီး လွှတ်တော်ရုံးသဘင်ဆောင်၌ တွေ့ဆုံသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံရေးအခင်းအကျင်းအသစ်နှင့် ထွန်းလင်းတောက်ပလာမည့် မြန်မာ့အနာဂတ် Video Clip ကို ဖွင့်လှစ်ပြသသည်။






ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံရေးအခင်းအကျင်းသစ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်အတွင်း အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် မဏ္ဍိုင်ကြီး(၃)ရပ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်၊ လွှတ်တော်များနှင့် ပြည်သူလူထုပူးပေါင်း၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားရေး၊ ယခုဖြစ်ပေါ်နေသည့် နိုင်ငံရေး အခြေအနေများ၏ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ပြီး နိုင်ငံတော်နှင့်အစိုးရ၊ ပြည်သူတို့၏အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မဲဆန္ဒရှင်ပြည်သူတို့၏ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမကိုလှည့်လည်ကြည့်ရှုကာ အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးကျော်၏ အနီးကပ်ကြီးကြပ်မှုဖြင့် လဝကမှူး ဒေါ်ရီရီမြင့် ဦးဆောင်သောအဖွဲ့က အမှတ်(၈၉)ရပ်ကွက်တွင်လည်းကောင်း၊ ဒုလဝကမှူး ဦးအေးထွန်းသိန်း ဦးဆောင်သောအဖွဲ့က အမှတ်(၆၉)ရပ်ကွက်တွင်လည်းကောင်း ရပ်ကွက်အတွင်းရှိ အသက်(၁၀)နှစ်ပြည့်နှင့် အသက်(၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် Biometric အချက်အလက်များကောက်ယူ၍ UID ကတ်များ ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

# လပွတ္တာမြို့နယ်၌ စာအုပ်စာစောင် အခမဲ့ငှားရမ်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လပွတ္တာ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ယမန်နေ့ မွန်းလွဲပိုင်းတွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် လူငယ့်အားမာန်သင်တန်းကျောင်းတို့၌ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းခြင်းကို ကွင်းဆင်းဆောင်ရွက်သည်။

စာပေဖတ်ရှုခြင်းသည် အတွေးအခေါ်၊ အသိပညာဗဟုသုတကြွယ်ဝခြင်းနှင့် ထိုးထွင်းတီထွင်ဖန်တီးနိုင်စွမ်းတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများရရှိစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာရုံးများသို့ သုတ၊ ရသစာအုပ်များ အခမဲ့ငှားရမ်းခြင်းကို ရက်သတ္တနှစ်ပတ်လျှင်တစ်ကြိမ် လဲလှယ်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သတင်းစာတစ်စောင်၏ တန်ဖိုး

**သတင်းစာတစ်စောင်ကို ဖတ်လိုက်ရခြင်းသည် ကိုယ့်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအနှံ့၌ အဓိကဖြစ်ပျက် ပြောင်းလဲနေမှုများကို အိမ်မှနေ၍ ထိုင်ကြည့်နေရသည့် ကြေးမုံမှန်ချပ်တစ်ချပ်ကို ကြည့်နေရသလို ဖြစ်ပါသည်။**

ဒေါက်တာသန့်စင်(ရှုပဗေဒ)

လူသားတို့သည် မိမိတို့၏ ကျန်းမာရေး၊ စားဝတ်နေရေးအတွက် နေ့စဉ်လှုပ်ရှား ရုန်းကန်အလုပ်လုပ်ကြရပါသည်။ ထို့အတွက် မိမိတစ်ဦးတည်း နေထိုင်၍မရပါ။ အိမ်ပတ်ဝန်းကျင်၊ အလုပ်ပတ်ဝန်းကျင်၊ မိမိနိုင်ငံ၏အကြောင်းနှင့် ကမ္ဘာတစ်ဝန်းရှိ အခြားသူများ မည်သို့လှုပ်ရှားလုပ်ဆောင်နေကြသည်ကို မျက်ခြည်မပြတ် လေ့လာကြည့်ရှုနေရန် လိုအပ်ပါသည်။ ထိုအကြောင်းအရာများကို နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ အွန်လိုင်းတို့မှရယူနိုင်ပါသည်။ သူတို့၏အဖြစ်အပျက်၊ သတင်းအကြောင်းအရာများကို အခြေခံကာ မိမိ၏မိသားစုအတွက် အကျိုးရှိသည့် သတင်းအချက်အလက်များကို ရယူပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ပါသည်။

ကျွန်တော်သည် ငယ်စဉ်က မုံရွာမြို့၌ နေထိုင်စဉ် အဘိုးဖြစ်သူက အိမ်တွင်ဖတ်ရှုရန် သတင်းစာတစ်စောင်လစဉ်ယူထားပါသည်။ "လုပ်သားပြည်သူ့နေ့စဉ်" သတင်းစာဟု ထင်ပါသည်။ အလယ်တန်းကျောင်းသားဘဝ ကျောင်းမှအပြန်တွင် ထိုသတင်းစာကို ဖတ်ဖြစ်အောင်ဖတ်ပါသည်။ ကျွန်တော့်အကြိုက် ကာတွန်းများ(ထိုစဉ်အခါက အခန်းဆက်ကာတွန်းများ ပါဝင်ပါသည်။) သိပ္ပံ ဗဟုသုတအကြောင်းအရာများကို ဖတ်ရှုပါသည်။

အထက်တန်းကျောင်းသားဘဝတွင် သတင်းစာတွင်ပါသော ဆောင်းပါးများ၊ သတင်းများကို စိတ်ဝင်စားစွာ လေ့လာဖတ်ရှုသည့်အကျင့် ရှိလာပါသည်။ သူငယ်ချင်းများနှင့် သတင်းအကြောင်းအရာများကို ပြောဆိုဆွေးနွေးကြပါသည်။ ကျွန်တော်တို့မြို့၌ သတင်းစာက တစ်ရက်နောက်ကျမှ ရောက်ရှိပါသည်။ ရန်ကုန်မှ ရထား၊ ကားတို့ဖြင့် ပို့ရခြင်းဖြစ်ပါသည်။ မြို့အတွင်းရှိ လက်ဖက်ရည်ဆိုင်အချို့တွင် နေ့စဉ်ထုတ်သတင်းစာကို ဖတ်ရှုနိုင်ပြီး တစ်ခါတစ်ရံ အလှည့်ကျ စောင့်ဖတ်ရပါသည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် မန္တလေးတက္ကသိုလ် အောင်မင်္ဂလာဆောင်၌ သတင်းစာနှစ်စောင်ကို အဆောင်ဧည့်ခန်းတွင် နေ့စဉ်ဖတ်ရှုဖြစ်ပါသည်။ ထိုသတင်းစာဖတ်သည့်အကျင့်က ယခု ပင်စင်ယူပြီးသည့်အထိ စွဲလမ်းနေပြီး နံနက်အိပ်ရာထ လက်ဖက်ရည်သောက်ရင်း ကြေးမုံသတင်းစာကို အမြဲဖတ်ရှုလေ့ရှိပါသည်။

**ပထမဆုံး ထုတ်ဝေသည့်သတင်းစာ**

မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံသားပိုင် ပထမဆုံးထုတ်ဝေသည့်သတင်းစာမှာ မင်းတုန်းမင်းလက်ထက် ထုတ်ဝေသည့် ရတနာပုံသတင်းစာ ဖြစ်ပါသည်။ ပထမဆုံးဖြန့်ချိသည့်နေ့မှာ ၁၈၇၄ ခုနှစ် မတ်လ ၉ ရက်နေ့ဟု သိရပါသည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး အင်္ဂလိပ်တို့အောက်မြန်မာပြည်ကို ရပြီးနောက် မော်လမြိုင် ခရော်နီကယ် (Maulmain Chronicle) သတင်းစာကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ဖူးသည်ဟု သိရပါသည်။


မြန်မာ့အလင်း
Myanma Alinn Daily


ကြေးမုံ
The Mirror Daily

**❛သတင်းစာများတွင် သတင်းအပြင် ဗဟုသုတ၊ ရသဖြစ်စေသည့် ဆောင်းပါး၊ ကာတွန်း၊ ခေါင်းကြီး၊ အင်တာဗျူးများကိုပါ ထည့်သွင်းဖော်ပြတတ်ကြပါသည်။ အခါအားလျော်စွာ ထုတ်ပြန်သည့် နိုင်ငံတော်၏ အမိန့်၊ ဥပဒေ၊ ပြန်တမ်းများကိုလည်း အဓိကထား ထည့်သွင်းဖော်ပြပါသည်။ လူတို့အတွက် နား၊ မျက်စိက အရေးပါသလို ဒီမိုကရေစီနိုင်ငံများတွင် သတင်းစာသည်လည်း အရေးပါ❜**

နိုင်ငံအသီးသီးတွင် သတင်းစာများကို ဘာသာအသီးသီးဖြင့် ထုတ်ဝေကြပါသည်။ တချို့သတင်းစာများက မြို့နယ်တစ်မြို့နယ်အတွက်ဖြစ်သည်။ တချို့က ပြည်နယ်အတွက် ထုတ်သည်။ တချို့က နိုင်ငံအတွက်ထုတ်သည်။ ထို့အတူ သတင်းစာကို နံနက်ပိုင်းထုတ်ဝေသည့် သတင်းစာ၊ ညနေပိုင်းထုတ်ဝေသည့် သတင်းစာဟူ၍ အချိန်ခွဲခြားထုတ်ဝေကြပါသေးသည်။ သတင်းစာဖတ်သူဦးရေအများဆုံးက ဥရောပတိုက်၊ မြောက်အမေရိကတိုက်မှ နိုင်ငံများဖြစ်ကြပြီး အင်္ဂလိပ်လူမျိုး၊ ဂျပန်လူမျိုးတို့သည် သတင်းစာကို စွဲလမ်းစွာ ဖတ်ရှုကြသည်ဟု သိရပါသည်။

မြန်မာနိုင်ငံ၌ ထုတ်ဝေသည့် သတင်းစာများတွင် နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာကို ၁၉၁၄ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပါသည်။ ယခုအခါသတင်းစာမျက်နှာ ၃၂ မျက်နှာ ပါဝင်ပြီး ရောင်စုံသတင်းစာဖြစ်ပါသည်။ ထို့အတူ ကြေးမုံသတင်းစာသည်လည်း နိုင်ငံပိုင် ရောင်စုံသတင်းစာဖြစ်ကာ ၁၉၅၇ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပြီး စာမျက်နှာ ၃၂ မျက်နှာဖြင့် နေ့စဉ်ထုတ်ဝေနေပါသည်။ ရန်ကုန်မြို့အပြင် အခြားသက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်မြို့အချို့တွင် ကိုယ်ပွားသတင်းစာတိုက်များထားရှိကာ စာဖတ်ပရိသတ်များ နေ့စဉ်သတင်းစာဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သတင်းစာ၏ အဓိကအချက်မှာ သတင်းဖြန့်ချိမှုပင်ဖြစ်ပါသည်။

**❛သတင်းစာတစ်စောင်၏တန်ဖိုးကို ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ မရနိုင်ပါ။ ထိုသတင်းစာတွင် ပါဝင်သော အချက်အလက်သတင်းများ၊ ဆောင်းပါးများ၊ အသိပေးကြေညာချက်များ၊ နှိုးဆော်ချက်များ၊ ကမ္ဘာ့သတင်းများ၊ နိုင်ငံ့သတင်းများက လူသားတို့အတွက် နေ့စဉ်တန်ဖိုးရှိသဖြင့် သတင်းစာတစ်စောင်၏တန်ဖိုးက ပြည်သူတိုင်းအတွက် တန်ဖိုးဖြတ်မရသည့် စာစောင်တစ်ခုဖြစ်❜**

**ဒီမိုကရေစီနိုင်ငံများတွင် သတင်းစာသည်လည်း အရေးပါ**

သတင်းစာများတွင် သတင်းအပြင် ဗဟုသုတ၊ ရသ ဖြစ်စေသည့် ဆောင်းပါး၊ ကာတွန်း၊ ခေါင်းကြီး၊ အင်တာဗျူးများကိုပါ ထည့်သွင်းဖော်ပြတတ်ကြပါသည်။ အခါအားလျော်စွာ ထုတ်ပြန်သည့် နိုင်ငံတော်၏ အမိန့်၊ ဥပဒေ၊ ပြန်တမ်းများကိုလည်း အဓိကထားထည့်သွင်းဖော်ပြပါသည်။ လူတို့အတွက် နား၊ မျက်စိက အရေးပါသလို ဒီမိုကရေစီနိုင်ငံများတွင် သတင်းစာသည်လည်း အရေးပါပါသည်။

နေ့စဉ်ထုတ် သတင်းစာတစ်စောင်ဖြစ်မြောက်ရန် သတင်းထောက်များ၊ သတင်းစာတိုက်ရှိဝန်ထမ်းများ နေ့ညမအား စုပေါင်းလုပ်ဆောင်ရပါသည်။ သတင်းထောက်၊ စာတည်း၊ တာဝန်ခံစာတည်း၊ ဘာသာပြန်စာတည်း၊ ကြော်ငြာစာတည်း၊ စာပြင်၊ စာတည်းမှူးချုပ်နှင့် တာဝန်ရှိသူအဆင့်ဆင့်တို့သည်လည်းကောင်း၊ သတင်းစာကို ပုံနှိပ်သည့် ပုံနှိပ်ဝန်ထမ်းများ၊ ဖြန့်ချိရေးတာဝန်ရှိသူများသည်လည်းကောင်း များပြားသည့် တာဝန်များကို နေ့၊ ည အချိန်ခွဲကာ ထမ်းဆောင်ကြရပါသည် ။ ထိုသို့ထမ်းဆောင်မှသာ သတင်းစာကောင်းတစ်စောင် အချိန်မီထွက်ရှိလာမည်ဖြစ်ပါသည်။

သတင်းဆိုင်ရာ စာတည်းအဖွဲ့ဝင်များက နောက်ဆုံးရ သတင်းမျိုးစုံကို ဖတ်ရှုမှတ်သားရပြီး ထိုသတင်းများအနက်မှ အရေးကြီးသည့်သတင်း၊ ထည့်သင့်ထည့်ထိုက်သော သတင်းများကို ရွေးချယ်ထည့်သွင်းရပါသည်။ ထို့အတူ အနယ်နယ်အရပ်ရပ်မှ စာမူရှင်များ ပေးပို့လာသော သတင်းများ၊ ဆောင်းပါးများကိုလည်း ရွေးချယ်၍ တည်းဖြတ်မွမ်းမံပြီး ထည့်သွင်းကြပါသည်။ သတင်းစာတစ်စောင်တွင် ခေါင်းကြီးပိုင်းသည် နိုင်ငံတော်၏ ယနေ့အရေးကြီးသည့် လုပ်ဆောင်ချက်များကို အဓိကထားရေးသားလေ့ရှိပါသည်။

နိုင်ငံအကြီးအကဲများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၏ နေ့စဉ်ဆောင်ရွက်မှုများ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ သတင်းများ၊ ခရိုင်/ မြို့နယ်အဆင့် တာဝန်ရှိသူများ၏ လှုပ်ရှားမှုသတင်းများ၊ ကျန်းမာရေး၊ ပညာရေး၊ မိုးလေဝသ၊ စိုက်ပျိုးရေး၊ စီးပွားရေး အခြေအနေများကို သတင်းစာများတွင် အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုမှတ်သားလေ့လာနိုင်ကြပါသည်။ နိုင်ငံတကာမှ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး၊ သိပ္ပံနည်းပညာ သတင်းများကိုလည်း ဖတ်ရှုကြရပါမည်။

ထို့အပြင် သတင်းစာများတွင် အိမ်ခြံမြေအမည်ပြောင်း၊ ပိုင်ဆိုင်ဝယ်ယူမှုကြော်ငြာများ၊ နာရေးကြော်ငြာများ၊ ကုမ္ပဏီများ၏ ကြော်ငြာများ၊ လူမှုရေးကြော်ငြာများ စသည်တို့သည် စာဖတ်ပရိသတ် စိတ်ဝင်တစား ဖတ်ရှုလေ့ရှိကြသည့် စာမျက်နှာများဖြစ်ပါသည်။


တစ်ခါက နိုင်ငံခြားမှ ကျွန်တော်၏ မိတ်ဆွေတစ်ဦးက အမေရိကန်နိုင်ငံရှိ သူ၏မိခင်သည် ၁၉၆၂ ခုနှစ်တွင် ထိုစဉ်က တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့ကြောင်းနှင့် သူ့မိခင်တို့ခေတ်က စာမေးပွဲအောင်စာရင်းများကို သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးကြောင်း ပြောပါသည်။ သူ့မိခင်၏ ခုံနံပါတ်နှင့် စာဖြေဌာနကို ပြောပြီး ထိုသတင်းစာကိုတွေ့ရှိပါက မိတ္တူကူးပေးပါရန် အကူအညီ တောင်းလာပါသည်။ ကျွန်တော်က ရန်ကုန်မြို့ရှိ တက္ကသိုလ်များဗဟိုစာကြည့်တိုက်သို့ သွားကာ စာကြည့်တိုက်မှူးအား အကူအညီတောင်းကြည့်ပါသည်။ စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများ၏အကူအညီဖြင့် စာကြည့်တိုက်တွင် သိမ်းဆည်းထားသော ခေတ်အဆက်ဆက် သတင်းစာများမှ ထိုစာမေးပွဲအောင်စာရင်းပါ သတင်းစာကို မိတ္တူကူး၍ရရှိခဲ့ပါသည်။ သတင်းစာကို စုစည်းမှတ်တမ်းထားခြင်း၏အကျိုးကျေးဇူး၊ သမိုင်းမှတ်တမ်းဖြစ်ပါသည်။

**လအလိုက်၊ နှစ်အလိုက်၊ စနစ်တကျ သိမ်းဆည်းထား**

နိုင်ငံအသီးသီး၏ အမျိုးသားစာကြည့်တိုက်များ၊ အမျိုးသားမော်ကွန်းတိုက်များ၊ တက္ကသိုလ်စာကြည့်တိုက်များ၊ အခြားစာကြည့်တိုက်အမျိုးမျိုးတို့သည် နေ့စဉ်ထုတ်သတင်းစာများကို လအလိုက်၊ နှစ်အလိုက် စနစ်တကျ သိမ်းဆည်းထားကြပါသည်။ ခေတ်အဆက်ဆက် သတင်းစာများကို ဖတ်ရှုလိုပါက အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်တို့တွင် သွားရောက်ဖတ်ရှုနိုင်ပါသည်။ သတင်းစာများက ပြောပြသော ခေတ်အသီးသီး၏ အဖြစ်အပျက် သမိုင်းမှတ်တမ်းများကို တန်ဖိုးရှိစွာ လေ့လာဖတ်ရှုမှတ်သားနိုင်ပါသည်။

သတင်းစာတစ်စောင်၏တန်ဖိုးကို ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ မရနိုင်ပါ။ ထိုသတင်းစာတွင် ပါဝင်သော အချက်အလက်သတင်းများ၊ ဆောင်းပါးများ၊ အသိပေးကြေညာချက်များ၊ နှိုးဆော်ချက်များ၊ ကမ္ဘာ့သတင်းများ၊ နိုင်ငံ့သတင်းများက လူသားတို့အတွက် နေ့စဉ်တန်ဖိုးရှိသဖြင့် သတင်းစာတစ်စောင်၏တန်ဖိုးက ပြည်သူတိုင်းအတွက် တန်ဖိုးဖြတ်မရသည့် စာစောင်တစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၆**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားကဏ္ဍ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ညို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi နှင့်အတူ စစ်ရေယာဉ် INS Satpura (F-48)ပေါ်တွင်ကျင်းပသည့် ညစာစားပွဲသို့တက်ရောက်

**နေပြည်တော် မေ ၆**

ညို့နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေသည့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi နှင့် အတူ မေ ၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတား၌ ဆိုက်ကပ်ထားသည့် အိန္ဒိယစစ်ရေယာဉ် INS Satpura (F-48) ပေါ်၌ ကျင်းပသည့် ညစာစားပွဲသို့ တက်ရောက်သည်။




အဆိုပါညစာစားပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကြည်းတပ် စစ်သံမှူး Colonel Jaswinder Singh Gill၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ် စစ်သံမှူး Captain Manoj Kumar Pandey နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ညို့နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးသည် စစ်ရေယာဉ် INS Satpura (F-48) ပေါ်သို့ ရောက်ရှိလာရာ စစ်ရေယာဉ် တာဝန်ကျတပ်ဖွဲ့က ကြိုဆို အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် စစ်ရေယာဉ်ပေါ်မှ အရာရှိ၊ စစ်သည်များက အိန္ဒိယယဉ်ကျေးမှုရိုးရာ အဆိုအကများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ထို့နောက် ညို့နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ အိန္ဒိယရေတပ် ဦးစီးချုပ်နှင့် အိန္ဒိယသံအမတ်ကြီး တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကာ အိန္ဒိယရေတပ် ဦးစီးချုပ်နှင့် ညို့နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)တို့သည် အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကြကာ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် ညို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးသည် စစ်ရေယာဉ် INS Satpura (F-48) ပေါ်ရှိ ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယရေတပ် ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ် စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါ အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း မေ ၂ ရက်တွင် သန်လျင်တပ်နယ်ရှိ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး နယ်မြေခံရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးနှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်သည်။ ဆက်လက်ပြီး ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သန်လျင်တပ်နယ်ရှိနယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အဆိုပါရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိ Small Arm Simulator အား အိန္ဒိယရေတပ်ဦးစီးချုပ်က ဖွင့်လှစ်ပေးပြီး သမိုင်းဝင်စစ်ရေယာဉ် (မေယု)သို့ သွားရောက် ကြည့်ရှုလေ့လာကြကာ အမှတ်တရ သစ်ပင်စိုက်ပျိုးသည်။

အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၃ ရက်တွင် အင်းလေးဒေသရှိ ဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်လေ့လာခြင်း၊ ရိုးရာရက်ကန်းရက်လုပ်နေမှုများကို လေ့လာခြင်းနှင့် အင်းလေးကန်၌ လှည့်လည်ကြည့်ရှုလေ့လာခြင်းတို့ ဆောင်ရွက်ကြပြီး နေပြည်တော်သို့ရောက်ရှိကြကာ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မေ ၄ ရက်တွင် အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့သွားရောက်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုပန်းခြင်းချ အလေးပြုကြသည်။ ထို့နောက် ဘုရင့်နောင်ရိပ်သာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်တွေ့ဆုံ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး နှစ်ဖက်အပြန်အလှန်မိတ်ဆက်ခဲ့ကြကာ နှစ်နိုင်ငံရေတပ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေးကြသည်။ ယင်းနောက် အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြပြီး ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စင်း ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura (F-48) နှင့် INS Sunayna(P-57) တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ် စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များတွင် လိုက်ပါလာသည့် အရာရှိ၊ စစ်သည်များသည် မေ ၄ ရက်မှ ယနေ့အထိ ခရီးစဉ်ကာလအတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီး လည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ် ချစ်ကြည်ရေး အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း နေပြည်တော် လူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၆**

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်းလူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Royal President Hotel ၌ ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း နေပြည်တော်လူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက မြန်မာနိုင်ငံ၌ရှိသည့် အသက် ၁၅ နှစ်မှ ၃၅ နှစ်အထိ လူဦးရေသန်းပေါင်း ၁၆ သန်းကျော်သည် လူငယ်များဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရန် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ယခုအခမ်းအနားသို့ တက်ရောက်လာကြသူများသည် တိုင်းပြည်၏ ခွန်အားများဖြစ်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်၍ နိုင်ငံ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်များ၏ စွမ်းဆောင်ရည်ပေါ်တွင် များစွာမူတည်နေကြောင်း။

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိတို့ သက်ဆိုင်ရာစခန်းအသီးသီးသို့ ပြန်လည်ရောက်ရှိသည့်အခါ ဒေသန္တရဗဟုသုတများကို လေ့လာမှတ်သား၍ လူငယ်များအချင်းချင်း လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဖလှယ်ကြပြီး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ မိမိနေရပ်သို့ပြန်ရောက်သည့်အခါ နိုင်ငံတော်အတွက် အကျိုးပြုလုပ်ငန်းများတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ မိမိတို့တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ပြီး နိုင်ငံ၏ အားထားရာ၊ နိုင်ငံ၏မျှော်လင့်ချက်၊ မြန်မာ့လူ့အဖွဲ့အစည်းတိုးတက်စေရန်နှင့် နောင်မျိုးဆက်များက မှတ်တမ်းတင်နိုင်ပြီး နိုင်ငံအတွက်တန်ဖိုးရှိသည့် အနာဂတ်ခေါင်းဆောင် လူရည်ချွန်များ၊ လူတော်လူကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ Grade-9 ပြင်ဦးလွင်လူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၉၆ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ Grade-10 အင်းလေးလူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၁၃၂ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ Grade-11 ငွေဆောင်လူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၁၃၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ဒွါဒသမတန်း နေပြည်တော်လူရည်ချွန်စခန်းတွင် လူရည်ချွန်မောင်မယ် ၉၉ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ချောင်းသာလူရည်ချွန်စခန်းတွင် ပထမနှစ်လူရည်ချွန်မောင်မယ် ၁၄၈ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ဒုတိယနှစ်လူရည်ချွန်မောင်မယ် ၁၄၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦးတို့ကို ဒေသန္တရဗဟုသုတများ လေ့လာမှတ်သားနိုင်စေရန်နှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် အနာဂတ်ခေါင်းဆောင် လူတော်လူကောင်းများ ဖြစ်လာစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူရည်ချွန်စခန်း ငါးခုတွင် လေ့လာရေးအစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ လူရည်ချွန်စခန်းအသီးသီးသို့ စတင်ထွက်ခွာ၊ ဒေသန္တရလေ့လာရေးခရီးစဉ်များ သွားရောက်

**နေပြည်တော် မေ ၆**

နေပြည်တော် လူရည်ချွန် အပန်းဖြေစခန်းတွင် ရောက်ရှိနေသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူ ၉၉ ဦးသည် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး ရုပ်မြင်သံကြား ထုတ်လွှင့်မှုလုပ်ငန်းများ၊ အသံလွှင့်လုပ်ငန်းများနှင့် စိန်ရတုပြတိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းများသို့ လာရောက်ကြသည့် လူရည်ချွန်မောင်မယ်များအား ကြိုဆိုနှုတ်ဆက်စဉ်။

**ကြည့်ရှုလေ့လာ**

မွန်းလွဲပိုင်းတွင် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်စက်ရုံနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များကို ကြည့်ရှုလေ့လာကြသည်။

အလားတူ ပြင်ဦးလွင်လူရည်ချွန်စခန်းကိုအခြေပြု၍ ဒေသန္တရဗဟုသုတများ လေ့လာကြမည့် နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူ ၉၆ ဦးနှင့် အုပ်ချုပ်သူ ဆရာ ဆရာမ ၁၈ ဦးသည် နေပြည်တော်စုရပ်စခန်းမှ ပြင်ဦးလွင်သို့ ထွက်ခွာကြပြီး မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ လူရည်ချွန် အပန်းဖြေစခန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပန်းစည်းများဖြင့်လည်းကောင်း၊ အတီး၊ အမှုတ်၊ အကာ၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့ပြင် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းတွင် အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် ၂၀၂၆ ခုနှစ် Grade -10 လူရည်ချွန် ကျောင်းသားမောင်မယ် ၁၃၂ ဦး၊ ကြီးကြပ်ဆရာ ဆရာမ ၁၈ ဦးသည် ရှမ်းပြည်နယ်ကလောမြို့သို့ ရောက်ရှိရာ ကလောခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘင်ခရာတပ်ဖွဲ့နှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများက သောင်းသောင်းဖြဖြ ကြိုဆိုကြပြီး မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းသို့ ရောက်ရှိလာရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဘင်ခရာတပ်ဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် လည်းကောင်း၊ အိုးစည်ဗုံမောင်းများ တီးမှုတ်၍ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်လူရည်ချွန်စခန်းတွင် အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် Grade-11 လူရည်ချွန်မောင်မယ် ၁၃၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ချောင်းသာ လူရည်ချွန်စခန်းတွင် အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် ပထမနှစ် လူရည်ချွန်မောင်မယ် ၁၄၈ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦး၊ ဒုတိယနှစ် လူရည်ချွန်မောင်မယ် ၁၄၃ ဦးနှင့် ကြီးကြပ်သူ ၁၈ ဦးတို့အား ညနေပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ငွေဆောင်လူရည်ချွန်စခန်းသို့ ရောက်ရှိလာသည့် လူရည်ချွန်မောင်မယ်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းသို့ ရောက်ရှိလာသည့် လူရည်ချွန်မောင်မယ်များအား တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်စဉ်။

# အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖလမ်းမြို့သို့ရောက်ရှိ

**နေပြည်တော် မေ ၆**

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် ဖလမ်းမြို့အား ဧပြီ ၂၅ ရက်တွင် တပ်မတော်က အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။



ဖလမ်းမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာ စည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှ နိမ့်ကျမှုများ၊ တိုက်ပွဲ၏ အန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာ ကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ရသည့် ဒေသခံတိုင်းရင်းသား ပြည်သူအချို့မှာလည်း ၎င်းတို့၏နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဖလမ်းမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ဖလမ်းဒေသခံပြည်သူလူထုအား လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ၊ ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ကလေးမြို့မှ ထွက်ခွာခဲ့ကြပြီး ညနေပိုင်းတွင် ဖလမ်းမြို့သို့ ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း တိုက်ပွဲ၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည် လည်ပတ်စေရန် မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် ဖလမ်းမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တပ်မတော်စစ်ကြောင်းများသည် ဖလမ်းမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






# ၂၀၂၆ ခုနှစ် မေလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့်အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>ဆာလ ဖာဒိုင် အောက် ဆိုဒ်</th><th>နိုက်ထရို ဂျင် ဒိုင် အောက် ဆိုဒ်</th><th>အို ဇုန်း</th><th>ကာ ဗွန် မို နောက် ဆိုဒ်</th></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေး လုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ဆင္ဌသင်္ဂါယနာတင်တွင် ပုံနှိပ်ခဲ့သည့် ဂျာမနီနိုင်ငံထုတ်ပုံနှိပ်စက်အပါအဝင် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲတွင်ပြသထားရှိ

**ရန်ကုန် မေ ၆**

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး ပတ်လမ်းတွင် ပြခန်းပြကွက်များဖြင့် မေ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသလျက်ရှိရာ ယနေ့ လာရောက်လေ့လာသူ ရဟန်းရှင်လူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် မဟာမင်္ဂလာ အထိမ်းအမှတ် အထူးပြပွဲတွင် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင် အကြောင်းအရာများနှင့် ယနေ့ခေတ်သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ အပါအဝင် ပြကွက်(၁၀)ကွက်ဖြင့် ပြသထားရာ ပြကွက်(၈)တွင် ဆဋ္ဌသင်္ဂါယနာတင်၌ ပုံနှိပ်ခဲ့သည့် ဂျာမနီနိုင်ငံထုတ် ပုံနှိပ်စက်နှင့်အတူ ခဲစာလုံးများ၊ ပိဋကတ်တော်ဆိုင်ရာ ပုံနှိပ်စာအုပ်မူကို ပြသထားသည်။

အဆိုပါ ပုံနှိပ်စက်သည် ဂျာမနီနိုင်ငံထုတ် ပုံနှိပ်စက်ဖြစ်ပြီး စက်အမျိုးအစား အမည်မှာ HEIDELBERG Letter Press၊ စက်၏ တန်ဖိုးမှာ ၁၃၅၄၄ ကျပ်၊ ရိုက်နိုင်သည့်အရွယ်မှာ ၁၃ လက်မ x ၁၈ လက်မ၊ ရောက်ရှိသည့် ခုနှစ်မှာ ၁၉၅၄ ခုနှစ်၊ စက်၏ သက်တမ်းမှာ ၇၂ နှစ်ရှိပြီး ပထမဆုံးဆဋ္ဌသင်္ဂါယနာတင် ပိဋကသုံးပုံကျမ်းစာအုပ်များကို ခဲစာလုံးဖြင့် စတင်ရိုက်နှိပ်ခဲ့သော ပုံနှိပ်စက်ဖြစ်သည်။



ယနေ့ပြပွဲသို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ရန်ကင်းပညာရေး ဒီဂရီကောလိပ်၊ လှည်းကူးပညာရေး ဒီဂရီကောလိပ်တို့မှ ကျောင်းသားကျောင်းသူများနှင့် ရဟန်းရှင်လူ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြပြီး ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲတွင် ပြခန်းများ၊ စာအုပ် အရောင်းဆိုင်များနှင့် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲတွင် ဝင်ရောက် ဖြေဆိုနေသူများနှင့် စည်ကားနေသည်ကို တွေ့ရသည်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏက "သာသနာအတွက် တန်ဖိုးဖြတ်လို့မရတဲ့ ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ အကြောင်းအရာတွေကို မျိုးဆက်သစ်တွေ သိဖို့လိုပါတယ်၊ ဒါမှသာလျှင် ဗုဒ္ဓဘာသာကို တန်ဖိုးထားတတ်လာမယ်၊ သာသနာကို တန်ဖိုးထားဖို့ ပြန့်ပွားဖို့စတဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေ၊ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရတွေကို သိမြင်ပြီး သာသနာအတွက် မပျောက်ပျက်အောင် ထိန်းသိမ်းခဲ့တဲ့ သာသနာ့အမွေတွေကို သိမြင်လာနိုင်ပါတယ်" ဟုပြောသည်။

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် မဟာမင်္ဂလာ အခမ်းအနားကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့ပြီး ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲကို မေ ၁၀ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# မဒန်းဆည်ရေသောက် နွေစပါးနှင့် နွေသီးနှံစိုက်ကေများ အောင်မြင်ဖြစ်ထွန်းရေး ဌာနနှင့်ရေအသုံးချသူတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အတွင်းရှိ မဒန်းရေလှောင်တမံသည် ကန်ရေပြည့်ရေလှောင် ပမာဏမှာ ဧကပေ ၃၆၅၀၀ ဖြစ်ကာ နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် နွေသီးနှံများကို ဆည်ရေပေးဝေလျက်ရှိသည်။



မဒန်းဆည်ရေသောက် ဧရိယာအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးလျာထား ၂၁၁၅ ဧကနှင့် နွေသီးနှံလျာထား ၁၆၁ ဧက ဖြစ်ပြီး အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေများကို ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ တူးမြောင်းမကြီးနှင့် လက်တံမြောင်းများမှ ရေအလေအလွင့် နည်းပါးစွာဖြင့် ဌာနနှင့် တောင်သူများ ပူးပေါင်းကာ စနစ်တကျစီမံ၍ စိုက်ပျိုးရေပေးဝေလျက်ရှိရာ နွေစပါးလျာထားဧကထက် ကျော်လွန်၍ ၂၄၄၅ ဧကနှင့် နွေသီးနှံ ၄၀၂ ဧကကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မဒန်းရေလှောင် တမံ၏ မေ ၄ ရက်နေ့ သိုလှောင်ရေပမာဏမှာ ၂၀၃၆၈ ဧကပေဖြစ်ပြီး နွေစပါးနှင့် နွေသီးနှံစိုက်ကေများအတွက် စိုက်ပျိုးရေ လုံလောက်စွာ ဆက်လက်ပေးဝေနိုင်မည်ဖြစ်သည်။

**စနစ်တကျစီမံ**

မဒန်းဆည်ရေသောက် စနစ်အတွင်း နှစ်စဉ်ရာသီပြည့်သီးနှံ စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးနှင့် ဆည်ရေပေးဝေမှုစနစ်များ ကောင်းမွန်စေရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် တူးမြောင်းအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး တူးမြောင်းစနစ်များ၊ လယ်ကြားမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်နှင့် မြက်ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား ဌာနမှတာဝန်ရှိသူများနှင့် ရေအသုံးချသူတောင်သူများ ပူးပေါင်း၍ စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**tml**



# သာပေါင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲကျင်းပ

**သာပေါင်း မေ ၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းဇောထိုက်က အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကျင်သိန်း၊အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဇင်၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်တို့က အစိုးရသစ် ရက်(၁၀၀) စီမံချက်အောင်မြင်ရေး လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ဌာန ၁၂ ခုတို့အား စီမံကိန်းတာဝန်များ ပေးအပ်ကြသည်။

ထို့နောက် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၀ လုံး ပြိုကျပျက်စီးဆုံးရှုံးရပြီး နေအိမ် ၂၀ လုံး အမိုးလန်ပျက်စီးခဲ့ကြသည့် အိမ်ထောင်စုများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်းပုံးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

# တောင်ငူမြို့၌ ပိုးလောက်လမ်းနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်

**တောင်ငူ မေ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၁၁)ရပ်ကွက် မိခင်ကလေးကျန်းမာရေးဌာန၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိခင်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပြီး ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှအဖွဲ့ဝင်များ၊ ရပ်ကွက် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ အမှတ် (၁၁) ရပ်ကွက်အတွင်းရှိ နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

ဥတုရာသီ တောကိုမှီ၏

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပထမတံခွန်စိုက်ဆုဖလားဖြင့် အောင်ပွဲခံခဲ့သည့် မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းအား ကြိုဆိုဂုဏ်ပြု

**မန္တလေး မေ ၆**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းအား ကြိုဆိုဂုဏ်ပြုပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး စစ်တုရင်အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ၊ တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ၂၀၂၆-၂၀၂၇ အားကစားပြက္ခဒိန်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲ (၃၃)ပွဲတွင် စစ်တုရင်ပြိုင်ပွဲသည် ပထမဦးဆုံး ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်ပြီး ပထမတံခွန်စိုက်ဆုဖလားကို ဦးစွာရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည့် ပြိုင်ပွဲတိုင်းတွင် အုပ်ချုပ်သူ၊ နည်းပြများ၏ အနီးကပ် စနစ်တကျကြပ်မတ်လေ့ကျင့်သင်ကြားပေးရင်း ပြိုင်ပွဲဝင်အသင်းများမှ ကစားသမားများကလည်း မန္တလေးတိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သူများဖြစ်အောင်၊ တိုင်းဒေသကြီးအဆင့်မှ နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများဖြစ်အောင်၊ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အောင်မြင်မှုများဆက်လက်ရရှိအောင် ကြိုးစားယှဉ်ပြိုင်ကစားသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းမှ တာဝန်ရှိသူများက ပထမတံခွန်စိုက်ဆုဖလားကို အပ်နှံခဲ့ပြီး တိုင်းဒေသကြီး စစ်တုရင်အသင်းအား ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်း အုပ်ချုပ်သူက ပြိုင်ပွဲအတွေ့အကြုံများ ရှင်းလင်းတင်ပြ၍ ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုနံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းသည် ဧပြီ ၂၇ ရက်မှ မေ ၄ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ အသက် (၁၈)နှစ်အောက် အသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အသက် (၁၈)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် အပြည်ပြည်ဆိုင်ရာ အလွတ်တန်းအသင်းလိုက်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခုတို့ဖြင့် အောင်ပွဲရကာ ပထမတံခွန်စိုက်ဆုဖလားကို ပိုင်ဆိုင်ခဲ့ပြီး ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် စုစုပေါင်း ၁၃ သင်းတို့တွင် မန္တလေးတိုင်းဒေသကြီးအသင်းမှာ ဒုတိယအဆင့်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီးဦးနေမျိုးလှိုင် Smart School နှင့် Football for School Program အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောင်းနှစ်ကျောင်း ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက Smart School နှင့် Football for School Program အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျာထား အခြေခံပညာကျောင်းနှစ်ကျောင်းကို ကြည့်ရှုစစ်ဆေးသည်။



**ပြောကြား**

ဦးစွာ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်၏ ရက် (၁၀၀)စီမံချက်တွင် ပါဝင်သည့် Smart School နှင့် Football for School Program အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၏ သတ်မှတ်စံနှုန်းနှင့် ကိုက်ညီသော ဘောလုံးကွင်း တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ Smart School များမှတစ်ဆင့် အားကစားသမားများ စနစ်တကျပေါ်ထွက်လာပြီး အားကစားကဏ္ဍကို ပညာရေးစနစ်နှင့် ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စံပြကျောင်းဖြစ်စေရေး ဆရာဆရာမများ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး ပညာရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အမရပူရမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ယန္တရား) သို့သွားရောက်၍ ကျောင်းဆောင်များတွင် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်မြို့နယ်၌ Football for School Pilot Project Program ဘောလုံးသင်တန်း ဖွင့်လှစ်

**ပြည် မေ ၆**

ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ ပြည်မြို့နယ် အားကစားခန်းမ၌ မေ ၄ ရက် နံနက်ပိုင်းက Football for School Pilot Project Program ဘောလုံးသင်တန်း ဖွင့်ပွဲအခမ်းအနား ပြုလုပ်သည်။

ဦးစွာ ပြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းကာလမှာ မေ ၄ ရက်မှ ၂၂ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**ဝဏ္ဏာထွန်း(ပြန်/ဆက်)**



❒ **အာဆင်နယ်အသင်းမှ**

အနိုင်ရကာ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို တက်လှမ်းလာတဲ့ လမ်းကြောင်းကို ကြည့်မယ်ဆိုပါက ဘိုင်ယန်မြူးနစ်အသင်း၊ အင်တာမီလန်အသင်း၊ စပို့တင်းအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲ တက်လှမ်းခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ၂၀၂၆ ခုနှစ်က နောက်ဆုံးအကြိမ်တက်လှမ်းခဲ့ပြီး ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့လို့ ချန်ပီယံလိဂ်ဖလား ချန်ပီယံဖြစ်ခွင့်နဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ရဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်မှာ အနိုင်ရတဲ့အသင်းနဲ့ မေ ၃၀ ရက်မှာ ဘူဒါပက်မြို့၌ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အနိုင်ရရှိပါက အသင်းရဲ့သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်တော့မှာဖြစ်ပါတယ်။ **ငွေကြယ်**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မြိတ်မြို့ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လေယာဉ်ကွင်းပြေးလမ်းတိုးချဲ့ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မြိတ် မေ ၆

တနင်္သာရီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မြိတ်မြို့ လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပမှ ကုန်တင်လေယာဉ်များ ရာသီမရွေးဆင်းသက်ပျံသန်းနိုင်ရန်နှင့် လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လေယာဉ်ကွင်းပြေးလမ်းတိုးချဲ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လေဆိပ်ခန်းမဆောင်တွင် လေဆိပ်ဆိုင်ရာ အချက်အလက်များနှင့် လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မြိတ်လေဆိပ်တာဝန်ခံက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး မြိတ်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြိတ်ခရိုင်မှပြည်သူများ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်ရေး၊ ဒေသတွင်းစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြိတ်ခရိုင်အတွင်းရှိ ဒေသခံပြည်သူလူထုများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် အခက်အခဲများ တင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။



**ခိုင်ထူး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံ



မကွေး မေ ၆

မကွေး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲနှင့် ဒေသထုတ်ကုန်ပြပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး MSME Agency နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးပြီး လူမှုစီးပွားဘဝ မြင့်မားလာစေရေး တို့အတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်၊ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ခင်းကျင်းပြသထားသော ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

# နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများဖြင့် စွမ်းဆောင်မည်

နေပြည်တော် မေ ၆

နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန် စိုက်ပျိုးရေးသုတေသန လုပ်ငန်းများဖြင့် ထောက်ပံ့ စွမ်းဆောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ရေဆင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက နိုင်ငံတော်က ချမှတ်ထားသော လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းစဉ်များ လိုက်လျောညီထွေဖြစ်ရန် လိုအပ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် မျိုးသစ်တစ်ခုသည် အရည်အသွေးကောင်းမွန်ရေး၊ ဈေးကွက်ဝင်ရေး၊ ဒေသနှင့် ကိုက်ညီရေးအပြင် တောင်သူများ ရေရှည်စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပိုင်းအရ ထိန်းသိမ်းမှုများ အားကောင်းရန် လိုအပ်ကြောင်း။

စပါး (အထူးသဖြင့် ပေါ်ဆန်းကဲ့သို့သော ဒေသမျိုးများ)၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများတွင် မျိုးသစ်များ ဖော်ထုတ်ရုံသာမက ၎င်းတို့၏ အရည်အသွေး မပျက်ယွင်းစေရန် မျိုးထိန်းခြင်း လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သုတေသနပြု ရရှိလာသော ရလဒ်များကို နည်းပညာ သင်တန်းများ၊ သတင်းဆောင်းပါးများနှင့် လက်ကမ်းစာစောင်များမှတစ်ဆင့် တောင်သူများ နားလည်လွယ်သော ဘာသာစကားဖြင့် ပြန်ဆို ဖြန့်ဝေပေးရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော နည်းပညာများဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်ရေး ရည်ရွယ် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဌာနခွဲအလိုက် တာဝန်ရှိသူများက သုတေသနဆောင်ရွက်ချက်များနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဌာနကထုတ်လုပ်လိုက်သည့် မျိုးသန့်မျိုးစေ့ (Breeder Seed) များကို နောက်ဆုံးအဆင့် တောင်သူသုံးမျိုးစေ့ (Certified Seed) အထိ ရောက်ရှိရေး စနစ်တကျချိတ်ဆက်ဆောင်ရွက်ရန်၊ မျိုးစေ့ပွားများရေးဌာနများ ပုဂ္ဂလိကကဏ္ဍ မျိုးစေ့ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မျိုးစေ့ထုတ်လုပ်သူများ ကြုံတွေ့ကြရသည့် အခက်အခဲများအပေါ် မျိုးဗီဇဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်အနေအထားဆိုင်ရာများကို သုတေသနပြုလေ့လာဖော်ထုတ်ပေးရေးကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးရွာစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းမြေနေရာအား ကွင်းဆင်းစစ်ဆေး

ကျောက်မဲ မေ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ဆေးလိတ်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက ကွင်းဆင်းစစ်ဆေးသည်။

ယင်းသို့ ကွင်းဆင်းရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်မဲခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကျေးရွာစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရအရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်သော Quick Win အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် တောင်ဆေးလိတ်ကျေးရွာ စိမ့်စမ်း (အမြင့်တင်) (၂/၀)မိုင်လုပ်ငန်းကို ရေပိုက်လိုင်းတူးဖော်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း၊ ရေတားတမံတည်ဆောက်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေကန်၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ပနိုင်ငံများသို့ ရေငန်ထွက်ကုန် ၇၀ ရာခိုင်နှုန်းနှင့် ရေချိုထွက်ကုန် ၃၀ ရာခိုင်နှုန်း တင်ပို့လျက်ရှိ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရေငန်ထွက်ကုန် ၇၀ ရာခိုင်နှုန်းနှင့် ရေချိုထွက်ကုန် ၃၀ ရာခိုင်နှုန်း တင်ပို့လျက်ရှိကြောင်း ၂၀၂၃-၂၀၂၄ ရေလုပ်ငန်းထုတ်ကုန်စာရင်းဇယားများအရ သိရသည်။

ထိုသို့တင်ပို့ရာ၌ ငါး/ပုစွန်များကို ဥရောပနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၂ နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန် မက်ထရစ်တန်ချိန် ၅၂၂၅၆၅ ဒသမ ၈၁၄ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၂၉ ဒသမ ၄၂ သန်း ရရှိခဲ့ကြောင်း သိရသည်။



ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့နေသည့် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၏ ရေချိုရေငန်ဝင်ရောက်ဖြန့်ချိမှုကို တွေ့ရစဉ်။

"ပင်လယ်ပြင်မှာ ငါးသယံဇာတ ရှားလာတဲ့အပြင် ဒီနှစ်မှာ ထုတ်လုပ်စရိတ် မကိုက်ရင် ပင်လယ်ပြင်ဖမ်းဆီးရေး မထွက်ဖို့များတာကြောင့် ရေငန်ထွက်ကုန်ကျသွားနိုင်တယ်။ ဒါကြောင့် ပြည်ပနိုင်ငံတွေမှာ မွေးမြူရေးကဏ္ဍကို ဦးစားပေးလုပ်ဆောင်လာတာကို တွေ့ရမှာပါ။ ပြည်တွင်းမှာ ခေတ်မီမွေးမြူရေးဇုန်တွေ များများပေါ်လာရင် နိုင်ငံခြားဝင်ငွေပုံမှန်ရရှိလာမယ့်အပြင် ရေထွက်ကုန်ပြတ်လပ်မှုကိုလည်း ကျော်လွှားနိုင်မှာပါ။ ခေတ်မီရေလုပ်ငန်း မွေးမြူရေးဇုန် တစ်ခု တည်ထောင်မယ်ဆိုရင် တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း ၂၀၀ နီးပါး ရနိုင်ပါတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ဧက ၃၀၀၀ ကျော်ရှိသော ရေနက်ကွင်းတွင် ငါးတန်ကို ခေတ်မီနည်းပညာဖြင့် မွေးမြူထုတ်လုပ်လျက်ရှိရာ ၇ နှစ်အတွင်း ရောက်ရှိပြီဖြစ်သည်။ ရေထွက်ကုန်တင်ပို့ရန် အမေရိကန်၊ တရုတ်နိုင်ငံတို့နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ စာချုပ်ချုပ်ဆိုထားပြီးဖြစ်ရာ ယခုနှစ်တွင် စတင်တင်ပို့ရန် ပြင်ဆင်နေကြောင်း သိရသည်။ ခေတ်မီမွေးမြူရေးစနစ်တွင် ကန်တစ်ကန်အတွင်း ကောင်ရေ ၂၀၀၀၊ ၅၀၀၀ မွေးမြူမှုမှ ကောင်ရေ ၁၂၀၀၀၀ ကို သိပ်သည်းနည်းကျပြောင်းလဲမွေးမြူထုတ်လုပ်မှုဖြင့် တစ်ကန်လျှင် တန် ၁၂၀ ထွက်ရှိခြင်းသည် မွေးမြူရေးစနစ် တစ်ခေတ်ဆန်းသစ်ရန် အခွင့်အလမ်းများဖြစ်လာသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

## ဟိုတယ်လုပ်ငန်းရှင်များ ငွေဆောင်၌ ပထမဆုံးအကြိမ် နှစ်ပတ်လည် စည်းဝေး



ငွေဆောင် မေ ၆

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် နဝမအကြိမ်မြောက်သက်တမ်း၏ ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယမန်နေ့က ငွေဆောင်မြို့ ယမုံနာဦး ဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဆန်းချစ်က တက်ရောက် အမှာစကားပြောကြား သည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး အထွေထွေ အတွင်းရေးမှူးက နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားသည်။ ယင်းနောက် တက်ရောက်လာသော ဟိုတယ်ဇုန်ဥက္ကဋ္ဌများက မိမိတို့ဇုန်အလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **ကြေးမုံ**




## တောင်ကြီးမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်



တောင်ကြီး မေ ၆

တောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရက်(၁၀၀) ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး ကာကွယ်ဆေးထိုး စီမံချက်ဖြင့် မြို့နယ် ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ အောင်မင်းထွန်းနှင့်အဖွဲ့သည် မေ ၄ ရက် မွန်းလွဲပိုင်းက ကွန်လုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအတွင်းရှိ တစ်ပိုင်တစ်နိုင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းရှင် ၈၀ နှင့် လူရှိုးတောင်ကျေးရွာရှိ ကျေးရွာလူထုခန်းမ၌ တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် စီးပွားဖြစ်နှင့် တစ်ပိုင်တစ်နိုင်မွေးမြူသူများလိုက်နာရမည့် ညွှန်ကြားချက်၊ မြို့နယ်အတွင်း ရက် (၁၀၀) ကာကွယ်ဆေးထိုး စီမံချက်တို့ကို အသိပညာပေးဆွေးနွေးခဲ့သည်။ ထို့နောက် မြေပြင်ကွင်းဆင်းမှုအဖွဲ့ထံ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများ၊ ခြံဖျန်း ရောဂါပိုးသတ်ဆေးများနှင့် ကုသဆေးများကိုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## လှည်းကူးမြို့၌ တောင်သူအသိပညာပေးဆွေးနွေး

လှည်းကူး မေ ၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာရှိ ကျေးရွာခန်းမတွင် ရက်(၁၀၀)အတွင်းဆောင်ရွက်သည့် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ တောင်သူအသိပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးလွင်က အမှာစကားပြောကြားပြီး လှည်းကူးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးနိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်းတို့က တောင်သူများ တွေ့ကြုံနေရသည့်အခက်အခဲများကို ပူးပေါင်းပါဝင်ဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းအောင်က အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူများအား မျိုးကောင်း ၊မျိုးသန့်အောင်နိုင်တိုးစပါးမျိုးနှင့်သဘာဝမြေဩဇာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

## ကြံခင်းမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် ကာကွယ်ဆေးထိုးနှံပေး

ကြံခင်း မေ ၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ယမန်နေ့နံနက်ပိုင်းက ကျွဲ၊ နွားများတွင် အဖြစ်များသော လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျောက်မော်ကုန်းကျေးရွာ ဝက်ခြံများ၌ ခြံဖျန်းဆေးဖျန်းခြင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းကို ဦးဆောင်သော ဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ကွင်းဆင်းဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် ထန်းတပင်ကျေးရွာမှ တောင်သူ ၆၉ ဦး၏ နွား ၁၂၈ ကောင်အား ကာကွယ်ဆေး ထိုးနှံပေးပြီး တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများနှင့် နို့စားနွားမွေးမြူခြင်းဖြင့် ရရှိသည့် အကျိုးအမြတ်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကာကွယ်ရေး မေ ၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မျိုးဝင်းက မီးသတ်ဆေးဘူး အသုံးပြုပုံကို ပြောကြားပြီး မီးငြိမ်းသတ်နည်းကို သရုပ်ပြလေ့ကျင့်စဉ်။

ချစ်သက်လယ်(အိမ်မဲ)

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ ကျင်းပ



ရန်ကုန် မေ ၆

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များ၊ ရေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်၊ မူဝါဒများကို လုပ်ငန်းလမ်းညွှန်အဖြစ် အလေးအနက်ခံယူပြီး ဟန်ချက်ညီညီ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုက်ကြီး၊ လှည်းကူး၊ မှော်ဘီ၊ မင်္ဂလာဒုံ၊ အင်းစိန်၊ သဃ်န်းကျွန်း၊ ဗိုလ်တထောင်၊ ဒဂုံမြို့သစ်၊ သန်လျင်၊ တွံတေး၊ ကျောက်တံတား၊ အလုံ၊ မရမ်းကုန်းနှင့် ကမာရွတ်ခရိုင်တို့မှ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများကို ဒေသန္တရ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(မြန်/ဆက်)

# ကယားပြည်နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ UID ကတ်ကွင်းဆင်းဆောင်ရွက်

လွိုင်ကော် မေ ၆

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ကတ်ပြားပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရသစ်၏ ပထမ ရက် (၁၀၀) ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်သူများအတွက် ဝန်ဆောင်မှုပေးသည့် အနေဖြင့် သဘာဝဘေးနှင့် အခြားသောဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးခြင်း၊ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်မရရှိသေးသည့် ကျောင်းသားကျောင်းသူများအတွက် လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခြင်း၊ အသက် ၁၈ နှစ် ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်မရရှိသေးသူများကို ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Unique ID ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများအတွက် များစွာအကျိုးရှိစေသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လမင်းစီမံချက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ချီးမြှင့်ငွေနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ချီးမြှင့်ရာ ပြည်နယ်ဦးစီးမှူးနှင့် ပြည်သူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ပေးအပ်ရာ သက်ဆိုင်ရာ ပြည်သူများက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားလာရောက်ပြုလုပ်သည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (မြန်/ဆက်)

# မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင်ဖွင့်လှစ်မည့် သင်တန်းများအတွက် သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွင်း (၁)နှစ် သင်တန်းဖြစ်သော အီလက်ထရောနစ်သင်တန်းအား ၁၁–၅–၂၀၂၆ ရက်မှ ၂၆–၃–၂၀၂၇ ရက် အထိလည်းကောင်း၊ အမှတ်စဉ် (၁)၊ (၃) လသင်တန်းများဖြစ်သော ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံသသင်တန်းနှင့်တံဆိပ်ရိုက်သင်တန်းများအား ၁၁–၅–၂၀၂၆ရက်မှ ၇–၈–၂၀၂၆ရက်အထိ လည်းကောင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်။
၂။ အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလအတွင်း ကျောင်းမှချမှတ်ထားသော စည်းကမ်းများကို လေးစားလိုက်နာနိုင်ရမည်။
၆။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
၇။ ပညာအရည်အချင်းနှင့်သင်ကြားပေးမည့်ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| သင်တန်းအမည် | ပညာအရည်အချင်း | ဘာသာရပ်များ |
|---|---|---|
| (က) အီလက်ထရောနစ် သင်တန်း | အထက်တန်း | Multimeter အသုံးပြုနည်း၊ Components သင်တန်းပစ္စည်းများ တိုင်းတာစစ်ဆေးခြင်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း၊ Circuit တည်ဆောက် / စစ်ဆေး/ ပြုပြင်ခြင်း၊ Sound Wave System၊ Power Supply၊ Amplifierနှင့်Transformerတည်ဆောက်ခြင်း |
| (ခ) ကွန်ပျူတာသင်တန်း | အထက်တန်း | Microsoftword၊ Microsoft Excell၊ Power Point၊ Adobe Pagemaker 7.0၊ Photo Shop |
| (ဂ) စက်ချုပ်သင်တန်း | အလယ်တန်း | အခြေခံစက်နင်းခြင်း၊ Pattern ဆွဲနည်း/ ထုတ်နည်း၊Blouse အင်္ကျီအမျိုးမျိုး၊ ချိတ်ထဘီနှင့် ကျားရှပ်အင်္ကျီချုပ်နည်း |
| (ဃ) ဆံသသင်တန်း | မူလတန်း | အမျိုးသားနှင့် အမျိုးသမီး ဆံပင်ပုံစံမျိုးစုံညှပ်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆေးဆိုး၊ ဆံပင်ဖြောင့်/ကောက်၊ မျက်နှာနှင့်ဆံပင်ပေါင်းတင်ခြင်းနှင့် နားဖောက်ခြင်း |
| (င) တံဆိပ်ရိုက်သင်တန်း | မူလတန်း | ဒီဇိုင်းပေါင်ပြုလုပ်ခြင်း၊ ဆေးစပ်ခြင်း၊ အင်္ကျီတံဆိပ်ရိုက်ခြင်း၊ အင်္ကျီစတေကာပြုလုပ်ခြင်း၊ ဖန်ခွက်တံဆိပ်ရိုက်ခြင်း၊ မှန်ပန်းချီပြုလုပ်ခြင်း |

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ
၄။ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၅။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ် – ၀၆၇–၄၀၄၂၅၂ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁–၉၆၆၁၇၁၂၊ ၀၉–၄၄၈၀၃၅၀၈၀၊ ၀၉–၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**



တပ်မတော်စစ်ကြောင်းများက မန္တလေး– မတ္တရာ– တကောင်း– ထီးချိုင့်– ကသာ–အင်းတော်–မော်လူး–မိုးညှင်း– မိုးကောင်း– မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဇရပ်ကွင်းတံတား ပြန်လည်ပြုပြင်နေမှုနှင့် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် နောင်လုံတံတား ပြန်လည်ပြုပြင်နေမှုနှင့် ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

○ ကျောဖုံးမှ

စီးပွားရေးအခွင့်အလမ်းများကို တိုးတက်စေသည့်အပြင် ကုန်စည်ပို့ဆောင်ရာတွင်လည်း ပိုမိုမြန်ဆန်တိုးတက်လာသည့်အတွက် သယ်ယူပို့ဆောင်စရိတ်များ သက်သာ၍ ဒေသခံပြည်သူများ အနေဖြင့်လည်း ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ပြီး ဒေသအချင်းချင်း ဆက်သွယ်မှုကိုလည်း ခိုင်မာစေခဲ့သည်။ ထို့ပြင် အဆိုပါလမ်းကြောင်းသည် ကျေးလက်ဒေသများမှ ထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကို မြို့ပြဈေးကွက်များသို့ ပို့ဆောင်ရာတွင်လည်း အရေးပါသည့်လမ်းကြောင်းဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး ဝန်ဆောင်မှုများကို လက်လှမ်းမီရန် အထောက်အကူပြုသည်ဖြစ်ရာ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအသုံးဝင်သည့် လမ်းကြောင်းလည်းဖြစ်သည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် မြို့/ရွာ/ဒေသအချို့ကို ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ကာ အဆိုပါအရေးကြီးသည့်ဆက်သွယ်ရေးလမ်းကြောင်းအား ပိတ်ဆို့လိုက်သည့်အတွက် ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး စားနပ်ရိက္ခာနှင့် နေ့စဉ်သုံးပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ မရောက်ရှိတော့ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများ ပြတ်လပ်ပြီး ကုန်ချောများလည်း ဈေးကွက်သို့ မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းလာသည့်အပြင် အကြမ်းဖက်သမားများ၏ အနိုင်ကျင့် နှိပ်စက်မှုများကိုလည်း ခါးသီးစွာခံစားခဲ့ကြရပြီး ၎င်းတို့၏ ဇာတိမြို့ရွာများမှ တိမ်းရှောင်ထွက်ပြေးခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါဆက်သွယ်ရေး လမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပြီး စနစ်တကျ စုဖွဲ့ပြင်ဆင်၍ စစ်နည်းဗျူဟာမြောက် ဟန်ချက်ညီညီဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့၊ ရွာများအား တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်သိမ်းပိုက်ခဲ့ရာ သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် လည်းကောင်း၊ မတ္တရာမြို့၏ အရှေ့ဘက်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသအား ဩဂုတ်လ ၂၄ ရက်နေ့နှင့် အယ်လ်ဖာဘိလပ်မြေစက်ရုံအား ဩဂုတ်လ ၂၈ ရက်နေ့တွင် လည်းကောင်း၊ ဆည်တော်ကြီးဒေသအား နိုဝင်ဘာလ ၇ ရက်နေ့တွင်လည်းကောင်း၊ စဉ့်ကူးဒေသအား ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် လည်းကောင်း ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး–မတ္တရာ– စဉ့်ကူး– သပိတ်ကျင်း ဆက်သွယ်ရေးလမ်းပိုင်းအား လည်းကောင်း၊ တကောင်းမြို့အား ၂၀၂၆ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ပြန်လည် ထိန်းချုပ်ခဲ့ပြီး မန္တလေး–မတ္တရာ– သပိတ်ကျင်း–တကောင်း လမ်းပိုင်း အား လည်းကောင်း၊ တကောင်း–ထီးချိုင့်လမ်းကြောင်း အား မတ်လ ၂၅ ရက်နေ့တွင် လည်းကောင်း၊ ထီးချိုင့်–ကသာ လမ်းကြောင်းအား ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း၊ အင်းတော်မြို့အား ဧပြီလ ၃၀ ရက်နေ့တွင် လည်းကောင်း ပြန်လည်ထိန်းချုပ်ခဲ့ပြီး မန္တလေး မြို့မှ အင်းတော်မြို့အထိ ဆက်သွယ်ရေးလမ်းကြောင်းအား လည်းကောင်း တစ်ဆင့်ပြီး တစ်ဆင့် ခက်ခက်ခဲခဲ ပြန်လည် တိုက်ခိုက်ထိန်းချုပ်ခဲ့ကာ မေလ ၅ ရက်နေ့တွင် မော်လူးမြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ကျေးရွာ၌ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော် စစ်ကြောင်းများနှင့် ပြန်လည် ချိတ်ဆက် ပူးပေါင်း၍ နယ်မြေ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မန္တလေး–မတ္တရာ–သပိတ်ကျင်း–တကောင်း–ထီးချိုင့်– ကသာ– အင်းတော်–မော်လူး– နန့်စီးအောင်– မိုးညှင်း–မိုးကောင်း – မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီ ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါဆက်သွယ်ရေး လမ်းကြောင်း တစ်လျှောက် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မိမိအသက်ကို ပဓာနမထားဘဲ ရင်ကို မြေကတုတ်လုပ်၍ မဆုတ် မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုတို့ ဖြင့် စစ်နည်းဗျူဟာမြောက် ရွပ်ရွပ်ချွံချွံ အဆင့်ဆင့်ပြန်လည် တိုက်ခိုက်ထိန်းချုပ်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလ ၁ နှစ်နှင့် ၃ လကျော်ကြာမြင့်ခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှု စုစုပေါင်း ၃၂၂ ကြိမ် ဖြစ်ပွားခဲ့ကာ ရန်သူ့ထံမှ အလောင်း ၁၃၈ လောင်း၊ လက်နက်မျိုးစုံ ၃၃၂ လက်၊ ခဲယမ်းများနှင့် ဆက်စပ် ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည် အချို့ နိုင်ငံတော်နှင့် တပ်မတော် အတွက် မြင့်မြတ်စွာ အသက်ပေး လှူခဲ့ရသည်။

အကြမ်းဖက် သောင်းကျန်းသူ များသည် အဆိုပါဒေသများအား ယာယီထိန်းချုပ်ထားစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက် အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ/ ဆေးခန်းများနှင့် လူနေအိမ်များအား အကာအကွယ် ရယူ၍ ဘန်ကာများ ဆောက်လုပ် ပြီး တပ်မတော်စစ်ကြောင်းများ အား ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူနေအိမ် အဆောက်အအုံများ အကြားနှင့်အများပြည်သူသွားလာ အသုံးပြုသည့် ဆက်သွယ်ရေး လမ်းကြောင်းများ၌ မိုင်းထောင် ခြင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး ခြင်း၊ စက်ရုံထုတ်ပစ္စည်းများကို ကိုယ်ကျိုးစီးပွားအဖြစ်အသုံးချ ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်း ပေါ်ရှိလမ်းတံတားများအား ယုတ် မာရိုင်းစိုင်းစွာ ဖောက်ခွဲဖျက်ဆီး ခြင်းများ လုပ်ဆောင်ခဲ့ကြသဖြင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရပြီး ဒေသခံပြည်သူများ ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာ ရေး၊ ပညာရေး စသည့် လူမှုစီးပွား ဘဝများ အဘက်ဘက်မှ ဆုတ်ယုတ်နိမ့်ကျခဲ့ရပြီး နိုင်ငံ တော်နှင့် ပြည်သူလူထုအတွက် များစွာ နစ်နာဆုံးရှုံးခဲ့ရကာ ဆင်းရဲဒုက္ခများ ခံစားခဲ့ရသည်။

အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် လူမှုစီးပွားဘဝ အဘက်ဘက်မှ ချွတ်ခြုံကျခဲ့ရသည့် ပြည်သူများ အနေဖြင့်လည်း စစ်ပွဲ၏အနိဋ္ဌာရုံ များကို လက်တွေ့သိမြင်ခံစားရ ခြင်း၊ အကြမ်းဖက်မှုများကို လက်မခံနိုင်တော့ခြင်းများနှင့် ရပ်ရွာဒေသကို ယခင်အတိုင်း အေးချမ်းသာယာစွာ ရှိနေစေလို ခြင်းတို့ကြောင့် အကြမ်းဖက် သမားများ၏ သတင်းများကို တပ်မတော်ထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့၍ တပ်မတော် နှင့်ပူးပေါင်းလာကြသည်။ ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံ ယုံကြည်လာခဲ့ကြပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသည့် PDF အမည်ခံ အဖွဲ့ဝင်များနှင့် တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့ဝင်အချို့ ကလည်း အကြမ်းဖက်လုပ်ရပ် များကို နှိမ်နင်းနိုင်ရေးအတွက် အကြမ်းဖက်သမားများ၏ သတင်း များကို တပ်မတော်သို့ ပေးပို့ခြင်း ဖြင့် ပူးပေါင်းပါဝင်လာကြ ကြောင်း သိရသည်။

ယခုအခါ အကြမ်းဖက်သောင်း ကျန်းသူများ ယာယီစိုးမိုးထားခဲ့ သည့် မြို့၊ ရွာ များ၊ ဆက်သွယ်ရေး လမ်းကြောင်းများကို တပ်မတော် က ပြန်လည်ထိန်းချုပ်ဖွင့်လှစ် ပေးနိုင်ခဲ့သည့်အတွက် မော်တော် ယာဉ်များ ပုံမှန်အတိုင်း ပြန်လည် သွားလာနိုင်ပြီဖြစ်ပြီး ဒေသတွင်း ကုန်စည်စီးဆင်း ကူးသန်းရောင်း ဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကာ ပညာ ရေး၊ ကျန်းမာရေးစသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့ မည်ဖြစ်သည့်အတွက် ပြည်သူ များအနေဖြင့် တပ်မတော်အပေါ် များစွာ ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်လျက်ရှိကြောင်းနှင့် ဒေသ တည်ငြိမ်အေးချမ်းရေး အတွက် အသက်ကိုပင် ပဓာန မထားဘဲ ရဲဝံ့စွန့်စားစွာ နေ့မအား ညမနား အစွမ်းကုန် ရွပ်ရွပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြသည့် အောင်ပွဲရ တပ်မတော်သားများအား လမ်း တစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာ များမှ ဒေသခံပြည်သူများက အောင်သပြေပန်းများ၊ ဂုဏ်ပြု ပန်းကုံးများဖြင့် လှိုက်လှဲဝမ်းသာစွာ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြ သည့် မြင်ကွင်းများမှာလည်း ငြိမ်းချမ်းမှု၏ အနှစ်သာရကို ကိုယ်တိုင်ခံစား သိမြင်ရသည့် ဒေသခံပြည်သူများ၏ ဝမ်းသာ ဂုဏ်ယူကြိုဆိုမှုများပင် ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် အဆိုပါဒေသများ အတွင်း လိုအပ်သည့် နယ်မြေ စိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက် ကာ အကြမ်းဖက်သမားများ ဖျက် ဆီးခဲ့သည့် ဌာနဆိုင်ရာအဆောက် အအုံများ၊ ဒေသခံပြည်သူများ၏ နေအိမ် အဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် လမ်းတံ တားများအား ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

စာမျက်နှာ ၁၆ သို့ ○

## ပြင်ဦးလွင်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မွေးမြူရေးပညာပေးသင်တန်းဖွင့်လှစ်

ပြင်ဦးလွင် မေ ၆

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားများ လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ဧပြီ ၂၈ ရက်မှစ၍ ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေး ပညာပေးသင်တန်းကို မေ ၆ ရက်မှ ၈ ရက်အထိ တောင်သူ ၂၀ အား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖွင့်လှစ်သင်ကြားပေးသည်။



**ကွင်းဆင်းဆောင်ရွက်**

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနန်းနှင့် ဝန်ထမ်းများက ရက်(၁၀၀)စီမံချက်ဖြင့် အင်းယားကျေးရွာအုပ်စု၊ ကုန်းသာကြီးကျေးရွာအုပ်စု၊ သင်္ဂတုံကျေးရွာအုပ်စုနှင့် စိုးမိုးအိုင်ကျေးရွာအုပ်စုရှိ တောင်သူတို့၏ကျွဲ ၁၇ ကောင်နှင့် နွား ၃၅၃ ကောင် စုစုပေါင်းကောင်ရေ ၃၇၀ တို့အား လည်ချောင်းကွဲရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ တောင်သူခုနစ်ဦး၏ နို့စားနွား ခုနစ်ကောင်အား မေထုန်မဲ့ သားစပ်ပေးခြင်းနှင့် ပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ပြီး ကျန်ရှိနေသော ကျေးရွာအုပ်စုများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ငပုတောမြို့နယ်ရှိ တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ငပုတော မေ ၆

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငပုတောမြို့နယ် ဂျမ်းကပ်ကျေးရွာ တွင်းတိမ်တူးဖော်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာ ရပ်ဖိရပ်ဖများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ဂျမ်းကပ်ကျေးရွာရှိ တွင်းတိမ်တူးဖော်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းသည် ငပုတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၆၀ ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အလေးထားဆောင်ရွက်သွားနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒေးဒရဲမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးပွဲ ကျင်းပ

ဒေးဒရဲ မေ ၆

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့်လယ်မြေများတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တညင်ကုန်းကျေးရွာရှိ တောင်သူဒေါ်ပု၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်ပပဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ ခရိုင်စိုက်တိုးမြှင့်အဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးမူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်သူများစုပေါင်း၍ မျိုးစေ့များကြဲပက်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **အေဇာလင်း**





## လှိုင်းဘွဲ၌ ကျွဲ၊ နွားကူးစက်ရောဂါကာကွယ်ဆေးထိုးနှံ

ဘားအံ မေ ၆

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွား ကူးစက်ရောဂါကြိုတင်ကာကွယ်ဆေးထိုးလုပ်ငန်းကို မေ ၅ ရက်က ရွာသေးအေးမွေးမြူရေးဇုန်နှင့် ကမော့ကချုး မွေးမြူရေးဇုန်တို့တွင် ကွင်းဆင်းဆောင်ရွက်သည်။

**ကာကွယ်ဆေးများ ထိုးနှံပေး**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဘားအံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ငယ်အောင်၊ လှိုင်းဘွဲမြို့နယ်ဦးစီးမှူးဒေါက်တာသီဟနှင့်ဝန်ထမ်းများက အဆိုပါ မွေးမြူရေးဇုန်များရှိ နွားများအား ကာကွယ်ဆေးများထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး

ပေါင် မေ ၆

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက အိမ်ထောင်စုလူဦးရေစာရင်းစိစစ်ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း၊ Biographic နှင့် Biometric အချက်အလက်များကောက်ယူ၍ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆားဖိုစုရပ်ကွက်နှင့် ထန်းပင်ချောင်ကြီးကျေးရွာတို့တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မွန်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးအောင်ခိုင်ဆွေ၊ သထုံခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်မြင့်၊ ပေါင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းခိုင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



**မွန်မလေး(ပြန်/ဆက်)**

## ထားဝယ်မြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများထိုးနှံ



ထားဝယ် မေ ၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာအုပ်စုတွင် ရက်(၁၀၀) စီမံကိန်းဖြင့် ကျေးရွာအတွင်းနှင့် တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များတွင် မွေးမြူထားသော ဒေသနွား ၂၁၇ ကောင်အား ယနေ့နံနက်ပိုင်းတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းဇော်မင်းနှင့် ဝန်ထမ်းများက ကူးစက်ရောဂါဖြစ်ပွားကျရောက်မှုမရှိစေရေးအတွက် လည်ချောင်းကွဲရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**



## မိုင်းပန်မြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံ

မိုင်းပန် မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်/လက်ပုပ်ရောဂါ ကာကွယ်ဆေးကို ယနေ့နံနက်ပိုင်းက လွိုင်နွဲ့နှင့် မိုင်းပဲကျေးရွာတို့၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဖိုးဆေးက ကျေးလက်နေပြည်သူများအား တိရစ္ဆာန်မွေးမြူရာတွင် ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ ရောဂါများမကျရောက်စေရေး အသိပညာပေးဟောပြောပြီး ကျွဲ၊ နွားကောင်ရေ ၁၆၀ ကို လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်/လက်ပုပ်ရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

ပူနွေးကမ္ဘာ
တားဆီးရာ
ဖြေရှာတစ်ခု
တောပြုစု



## ပန်းတနော်မြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ ကျင်းပ

ပန်းတနော် မေ ၆

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဆုတောင်းပြည့်ကျေးရွာအုပ်စုရှိ တောင်သူ ဦးကျော်အေးငြိမ်း၏ လယ်ကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းကျင်စံ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဇော်လင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအတွင်း နိုက်ထရိုဂျင်ဓာတ်ရရှိနိုင်မှုနှင့် သီးနှံအထွက်နှုန်းကောင်းမွန်စေမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များကို စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## Pyin Oo Lwin Junior Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ပြင်ဦးလွင် မေ ၆

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် Junior Golf Myanmar (JGM) က ကြီးမှူး၍ CB Bank က အဓိကကူညီပံ့ပိုးသော Pyin Oo Lwin Junior Open Championship (Road to Myanmar Junior National Team) မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို မေ ၄ ရက်က ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကွင်း၌ ကျင်းပသည်။




ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ကျင်းအမှတ် (၃) ၌ Hole In One ရရှိသော ဆက်နိုင်အောင်အား Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးအောင်ကိုဇော် ချီးမြှင့်သော ဆုငွေကျပ် ငါးသိန်းကို တွဲဖက်အတွင်းရေးမှူး ဦးခန့်ဇော်က လည်းကောင်း၊ PJGG Group မှ ဦးခင်မောင်အေးက ဆုကြေးငွေကျပ်၁ဝသိန်းကိုလည်းကောင်း၊ Pyin Oo Lwin Golf International School (PIS) Founder ဦးစိန်ဝင်းက ချီးမြှင့်ငွေကျပ် ၁ဝ သိန်းကို လည်းကောင်း အသီးသီး ပေးအပ်သည်။

ထို့နောက် Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးဟိန်းထက်ဗိုလ်က Junior အဆင့် အသက် ၁၂ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် တတိယဆုရရှိသော ရှင်းခန့်ဇော်၊ ဒုတိယဆုရရှိသော နေမျိုးခန့်၊ ပထမဆုရရှိသော ဘုန်းမြတ်သော်၊ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးပါစီက အသက် ၁၄ နှစ်အောက် (အမျိုးသမီး) သက်တမ်းတွင် တတိယဆုရရှိသော ယွန်းရမုံ၊ ဒုတိယဆုရရှိသော ချစ်ခွန်းသီအောင်၊ ပထမဆုရရှိသော Choi Hui ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးစိုးက အသက် ၁၄နှစ်အောက်(အမျိုးသား) သက်တမ်းတွင် တတိယဆုရရှိသော အောင်သန်းထွဋ်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဦးက ဒုတိယဆုရရှိသော ထူးမြတ်အောင်၊ပထမရရှိသော ဟိန်းသန့်သူတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း နာယက ဦးမြင့်မော်က အသက် ၁၈ နှစ်အောက်(အမျိုးသမီး) သက်တမ်းတွင် တတိယဆုရရှိသော နန်းဆိုင်အွမ်ငင်း၊ ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ ပထမဆုရရှိသော ချိုသာအောင်တို့ကိုလည်းကောင်း မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးအောင်ကိုဇော်က အသက် ၁၈ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် ပဥ္စမဆုရရှိသော လင်းပြည့်မောင်၊ စတုတ္ထဆုရရှိသော နိုင်ဦးကို၊ တတိယဆုရရှိသောပြည့်စုံအောင်၊ ဒုတိယဆုရရှိသော ပြည့်ဖြိုးထွဋ်၊ ပထမဆုရရှိသော ဆက်နိုင်အောင်တို့ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

သတင်း-ချစ်ကိုကို
ဓာတ်ပုံ-MGF



## မိုးညိုမြို့နယ်၌ မျိုးစေ့ပေးအပ်ပွဲနှင့် သဘာဝမြေဆွေးပြုလုပ်ခြင်း ပြသ

မိုးညို မေ ၆

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မိသားစုတစ်အိမ်ထောင်စာ စားသုံးနိုင်ရေး တစ်ပိုင်တစ်နိုင်စိုက်ပျိုးရန် မျိုးစေ့ပေးအပ်ပွဲနှင့် EM ဘိုကာရှီ သဘာဝမြေဆွေးပြုလုပ်၍ လက်တွေ့ပြသခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဦးက သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများ၊ နွားကျင်ငယ်ရည်ရွက်ဖျန်းမြေဩဇာ ပြုလုပ်သုံးစွဲနည်းများနှင့် ရေတော်မိုးတော် အုပ်စု ၃ဝ တွင် EM ဘိုကာရှီ ကေ၂၅ဝဝဝ စာ ပြုလုပ်သုံးစွဲနိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများအား တစ်ပိုင်တစ်နိုင် Home Gardening စိုက်ပျိုးရန် မျိုးစေ့ ၁ဝ မျိုးကို ပေးအပ်ပြီး EMဘိုကာရှီ သဘာဝမြေဆွေးပြုလုပ်ပုံ အဆင့်ဆင့်ကို လက်တွေ့ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

## အလုံမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

ရန်ကုန် မေ ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အလုံမြို့နယ်ဦးစီးရုံးမှ ဦးစီးမှူး ဦးစံသိန်းနှင့် ဝန်ထမ်းများသည် မေ ၆ ရက် နံနက်ပိုင်းက သစ်တောရပ်ကွက် အောင်ဇေယျရိပ်မွန်ဓမ္မာရုံ၌ ရက်(၁၀၀) စီမံချက်ဖြင့် အသက် ၁ဝနှစ်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကုဋေထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



## မြဝတီမြို့နယ်၌ မြေငှားဂရန်ချထားပေးနိုင်ရေး အသိပေးရှင်းလင်းပွဲ ကျင်းပ

မြဝတီ မေ ၆

ကရင်ပြည်နယ် မြဝတီမြို့ မဲကနယ်ကျေးရွာအုပ်စု ဖားချောင်းကျေးရွာအတွင်း ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်ချထားပေးနိုင်ရေးအတွက် ယနေ့နံနက် ၉ နာရီတွင် ဖားချောင်းကျေးရွာရှိ စိတ်ရောင်ခြည်ဓမ္မာရုံ၌ အသိပေးရှင်းလင်းပွဲ ကျင်းပသည်။



အခမ်းအနားတွင် မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်းက ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ထုတ်ပေးရခြင်း ရည်ရွယ်ချက်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က ကျေးရွာမြေငှားဂရန်ချထားပေးနိုင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များ အသိပေးရှင်းလင်းခြင်းနှင့် လျှောက်ထားရာတွင် လိုအပ်သောအချက်များနှင့် စိစစ်ရမည့်အချက်များ၊ မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသောင်းထွဋ်က မြေတိုင်းလုပ်ငန်းစဉ်များ၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးတင်အောင်ဝင်းက ကျေးရွာမြေငှားဂရန် ရရှိရေးအတွက် လျှောက်ထားရာတွင် လိုအပ်သည့် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ (ပြန်/ဆက်)

✻ အာရှဖလားမှ

ဆော်ဒီအာရေဗျအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ဆော်ဒီအာရေဗျအသင်း ပင်နယ်တီကန်ခွင့်နှစ်ကြိမ်ရခဲ့ပြီး ပထမပင်နယ်တီကို မြန်မာဂိုးသမား ထက်ဝေယံ ကာကွယ်နိုင်သော်လည်း ပြန်ပိတ်ပြီး ဂိုးရယူခဲ့ခြင်းဖြစ်သည်။ ဆော်ဒီအာရဗျအသင်းအတွက် အနိုင်ဂိုးများကို ၅၈ မိနစ်တွင် ဖာရစ်နှင့် ၇၄ မိနစ်တွင် ဒါဝါဆာရီတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မြန်မာစံတော်ချိန် မေ ၁၀ ရက် နံနက် ၀၀ နာရီတွင် တာဂျစ်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်တွင် မူခင်းကျဆင်းရေး ဟောပြောပွဲကို မေ ၅ ရက် နံနက်ပိုင်းက ကျင်းပရာ သောင်ကြီးနယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ်မင်းမင်းက မှုခင်းအသိပညာပေး ဟောပြောစဉ်။

အာကာ



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၁၁၄၀)ဟုခေါ်တွင်သော ဦးမြင့်သိန်း (ISN-၅၅၄၁၀၁)အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း(၄၀ x ၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၁၄၁)နှင့်ကပ်လျက် အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ယဉ်ယဉ်ထွေး [၁၂/သဃက(နိုင်)၁၆၆၂၄၀]က အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးသန့်[၁၂/ဥကတ(နိုင်)၁၂၇၅၀၇]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝတ်ရည်ဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၄၉၉)**
**အမှတ်- ၉၀၇၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၂၆၂၄၇၉၉၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မင်္ဂလာသုခလမ်း၊ မြေကွက်အမှတ်(၁၀၀၈)ဟုခေါ်တွင်သော ဒေါ်ကြည်အေး (ISN-၀၂၅၇၈၄) အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ x ၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၀၀၉)နှင့်ကပ်လျက် အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ပါမစ် (မိတ္တူခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြမြခိုင် [၁၂/ဒဂမ(နိုင်)၀၁၃၃၄၀]က အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းမို့မို့စိုး [၁၂/မဘန(နိုင်)၀၈၃၄၈၉]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမှုရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝတ်ရည်ဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၄၉၉)**
**အမှတ်- ၉၀၇၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၂၄၇၉၉၆၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊၄/တောင်ရပ်ကွက်၊ မေယုလမ်းသွယ်နှင့်မြို့မ(၆) လမ်းထောင့်၊အမှတ်(၄၁၀/ခ)ရှိ(၂)ခန်းတွဲ(၆)ထပ်တိုက်၊ ပထမထပ်၊ အခန်း အမှတ်(A2)၊ အကျယ်အဝန်း (၁၂.၆ပေ × ၅၄ပေ)၊ အမြင့် (၉)ပေ၊ ရေ၊ မီး အစုံ အပါအဝင် တိုက်ခန်းတစ်ခန်း၏ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူဒေါ်မြို့မြို့သိန်း(၁၂/သကတ(နိုင်)၁၆၈၇၁၇)ထံမှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမှုရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့် အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

ဦးအောင်ကိုကို(၈/ပဖန(နိုင်)၀၉၈၃၅၈)
ဖုန်း၀၉၄၄၉၀၀၄၂၅၈၊၀၉၄၀၇၀၈၈၈၉၈

## (၃-၅-၂၀၂၆)ရက်စွဲပါကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၇)တွင် ပါရှိသော ဒေါ်အေးသီတာ(ခ)ရှာဟီဒါးဘီဘီ [၁၂/သဃက(နိုင်)၁၈၅၀၆၆]၏ လွှဲအပ်ချက်အရ အထက်တန်းရှေ့နေ ဒေါ်အေးချမ်းမိုး (စဉ်-၅၁၁၆၁)၏ ကြေညာချက်နှင့်ပတ်သက်၍ အများသိစေရန်တုံ့ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ င/က-ရပ်ကွက်၊ ဇာဝေယာလမ်း၊ အမှတ်(၃၅၀)၊ ပထမထပ်နေ ဦးခင်မောင်လတ်(ခ)မိုဟာမ္မဒ်ကာစင် [၁၂/သဃက(နိုင်)၀၀၂၈၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

(၁) (၃-၅-၂၀၂၆)ရက်စွဲပါသတင်းစာတွင် ဒေါ်အေးသီတာ၏ ရှေ့နေမှတစ်ဆင့် ပြန်လည်ရှင်းလင်းထားသည့် အချက်အလက်များသည် လုံးဝမှန်ကန်မှုမရှိပါကြောင်း ဦးခင်မောင်လတ်ကပြောဆိုပါသည်။ (၂) ဒေါ်အေးသီတာမှ အိမ်ခြံမြေရောင်းရငွေများကို ရယူခဲ့ခြင်းမရှိကြောင်း ဖော်ပြချက်နှင့်ပတ်သက်၍ မမှန်မကန်ဖော်ပြချက်သာဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေထံတွင် ခိုင်လုံသော ငွေပေးချေမှုမှတ်တမ်းများနှင့် သက်သေများရှိပြီးဖြစ်ပါသည်။ (၃)ထို့ပြင် ဒေါ်အေးသီတာအနေဖြင့် ဝယ်ယူထားသောတိုက်ခန်းမှာ သူမ၏မိခင်ပေးသောငွေကြေးဖြင့် ဝယ်ယူထားခြင်းဖြစ်ကြောင်း ဖော်ပြချက်မှာလည်း အခြေအမြစ်မရှိပါ။ ကျွန်ုပ်မိတ်ဆွေ၏ လုပ်အားခငွေကြေးဖြင့် ဝယ်ယူထားခြင်းဖြစ်ကြောင်း သက်သေအထောက်အထားများဖြင့် တရားရုံးတွင် သက်သေပြသွားမည်ဖြစ်ပါသည်။ ဒေါ်အေးသီတာသည် ခင်ပွန်း ဦးခင်မောင်လတ်၏ ခွင့်ပြုချက်မရှိဘဲ နေအိမ်မှ ထွက်ခွာသွားခြင်းသာဖြစ်သည်။ ၎င်းယူဆောင်သွားသော ငွေကြေးများနှင့် စာချုပ်စာတမ်းများအားလုံးကို ကျွန်ုပ်မိတ်ဆွေထံသို့ ဤသတင်းစာကြော်ငြာပါပြီး (၇)ရက်အတွင်း လာရောက်အပ်နှံရန် နောက်ဆုံးအကြိမ် သတိပေးအပ်ပါသည်။ ပျက်ကွက်ပါက ကျွန်ုပ်မိတ်ဆွေ၏ သတင်းစာကြေညာချက်ကို ရုပ်သိမ်းပေးမည်မဟုတ်သည့်အပြင် ဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းနှင့် တိုက်ခန်းအား "ယာယီတားမြစ်မိန့်" လျှောက်ထားသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်လတ်(ခ)မိုဟာမ္မဒ်ကာစင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာရွှေ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၄၉/၂၀၁၃)**
**ဖုန်း-၀၉-၄၃၁၅၇၁၃၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ် (၂)၊ ဧရိယာ(၀.၂၃၇)ဧကရှိ ဦးလှမြင့်(ပါ) ၂-ဦးအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်ခင်နွယ် (ဘီလစ်)[၁၄/လပတ(နိုင်)၁၈၀၆၂၅] မှ အရောင်းအဝယ်စာချုပ်အမှတ်(၅/၁၉၈၀)၊ တရားမကြီးမှုအမှတ်(၈၉/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်စမ်းစမ်းမြင့်[၉/ပမန(နိုင်)၀၃၄၉၃၈] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက်မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ အမှတ်(၁၇/၁၈/၉၅-အီး-၃)၊(၆)ထပ်တိုက်၏ (၃)လွှာ အလျားxအနံ ဧရိယာ (၁၂ ပေx ၄၅ပေ) ရေမီးအစုံ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိအိမွန် [၇/ပခန(နိုင်)၄၅၀၇၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်း အထောက် အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးရန်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၉၉)**
**အမှတ်-(၂၄-အေ)၊ ရန်ပြေ(၁၃)လမ်း၊ (၃)ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၆၆၆၃၇၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၅၃၁/အေ)၊ အခန်း(၆-အီး)၊ ပီအောမီနီကွန်ဒို ရေမီးအစုံ မီနီကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ကျော်အုံး [၁၂/ကမရ(နိုင်)၀၃၄၃၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးရန်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၉၉)**
**အမှတ်-(၂၄-အေ)၊ ရန်ပြေ(၁၃)လမ်း၊ (၃)ရန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၆၆၆၃၇၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း )မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၀၅၅)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)၊ (၁၂၀၀-စတုရန်းပေ)ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်လာပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးအေး[၁၂/မရက(နိုင်)၀၀၅၀၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည်စိုး[၁၂/ဥကတ(နိုင်)၀၅၀၈၈၄]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဆွေသန်း (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၂၅၀)**
**အမှတ်(၁၈၂)၊ ရဲကျော်အောင်လမ်း၊ ( ၃၆ )ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၂၄၀၄၀၁၀၃**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ အမှတ်(၆၄၀/ခ) မြေပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ်တိုက်၏ စတုတ္ထထပ် (၅-လွှာ)၊ အကျယ်အဝန်း (၂၃'x ၅၄')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ပါရှိသော ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် တိုက်ခန်း၏ ဆက်စပ်ပတ်သက် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိလက်ဝယ်ထား စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လှဇာနည်ခင် [၉/မမန(နိုင်)၀၇၈၆၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးကတိစာချုပ် ချုပ်ဆို၍ ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဇင်နှင်းဇော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၄၉၉)**
**အမှတ်(၅) မြေညီ-A၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-788236147, 09-421097832**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၂၆-ရပ်ကွက်၊ ကျွန်းသာယာလမ်း၊ မြေကွက်အမှတ်(၅၈၇-က)၊ အလျား(၂၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်သူအဖြစ် အမည်ပေါက် ဦးသန်းဌေး[၇/မမန(နိုင်)၀၇၂၇၁၁]ထံမှ အရောင်းဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်သန်းသန်းငြိမ်း(ကွယ်လွန်)၏ တရားဝင်အမွေဆက်ခံသူများဖြစ်ကြသော သားသမီး(၄)ဦးထံမှ ကျွန်ုပ် ဦးမင်းဇော် [၁၂/ဒဂတ(နိုင်)၀၄၅၀၉၁] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းဇော် [၁၂/ဒဂတ(နိုင်)၀၄၅၀၉၁]**
**တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၉၉၃၉၆၊ ၀၉-၉၇၂၀၃၈၆၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊ မြေကွက်အမှတ်(၁၀၆၄)၊ အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာနတွင် ဒေါ်တီတီမာ (SRM-၀၀၄၄၇၈) မှ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဖြိုးသူရထွန်း[၅/ကလတ(နိုင်)၁၀၉၁၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသက်ဇော်ထက် [၇/သဝတ(နိုင်)၁၄၃၆၅၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသက်ဇော်ထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုထွေး(LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၃)**
**အမှတ်(၁၀၅၆) ၊ ဦးဘဇော်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)၊ အင်းဝလမ်း၊ မြေကွက်အမှတ်(၁၆၈)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာနတွင် ဒေါ်စန်းမြင့်(N/RGN-၀၀၆၀၃၈)မှ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဦးဇော်မြင့်ဦး[၇/ညလပ(နိုင်)၁၀၇၀၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ယုနိုင် [၅/ခတန(နိုင်)၀၀၀၈၅၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ယုနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၃)**
**အမှတ် - (၁၀၅၆)၊ ဦးဘဇော်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၉)၊ မြေကွက်အမှတ်(၈၆၃)၊ မြေအကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းဌာနတွင် ဦးမောင်စန်း (ISN-၁၂၅၄၀၁)အမည်ပေါက်ဖြင့် မြေချပါမစ်မြေဖြစ်ပါသည်။ ၎င်းမြေကွက်ကို စာချုပ်အဆင့်ဆင့်ဖြင့် ဒေါ်အေးအေးမာ [၁၂/ဒဂမ(နိုင်)၀၀၆၄၁၀]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးဝင်း[၁၄/ပသန(နိုင်)၀၃၅၃၉၉]မှ ရောင်းချသည့်တန်ဖိုးဖြင့်ပင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်ဝယ်ယူမှု နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်သတ္တတစ်ပတ် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤမြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဝင်း [၁၄/ပသန(နိုင်)၀၃၅၃၉၉]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၉၈/၄-၁၂-၁၉၈၄)**
**တိုက်(၉/၁၁)၊ အခန်း(၁၀၃)၊ ပထပ်(စီ)၊ ၃၆-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၀၂၂၈၉၂၊ ၀၉-၄၄၃၀၂၁၈၂၇**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/မာန်ပြေ၊ မြေကွက်အမှတ် (၂၇၆/က)၊ အဆောက်အအုံအမှတ်(၂၇၆/က)၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၅)ထပ်တိုက်၊ အဆောက်အဦ၏ ဒုတိယထပ်(၃-လွှာ)၊ အကျယ်အဝန်း (၁၈ပေx၅၅ပေ) ရှိ တိုက်ခန်း(၁)ခန်းအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူများဖြစ်ကြသော ဦးကြိုင်ဆင့် [၁၂/တမန(နိုင်)၀၉၇၈၆၁]နှင့် ဒေါ်မြသန်း[၁၄/ရကန(နိုင်)၀၁၅၀၁၉]တို့မှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်လာသော တိုက်ခန်း ဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစည်သူ [၁၂/သကတ(နိုင်)၁၆၆၅၅၃]နှင့် ဒေါ်လစ်ပိုညီညီ[၁၂/သကတ(နိုင်) ၁၆၆၅၅၅]တို့မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်း စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူနှင့် ဒေါ်လစ်ပိုညီညီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**
**အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-778434507**

## အများသိစေရန် ကြော်ငြာချက်

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၉၁၃/က၊ ဧရိယာ(၂၀ပေx ၆၀ပေ)၊ မြေကွက်တည်နေရာအမှတ် (၉၁၃/က)၊ ရတနာပုံ (၆) လမ်း၊ ၉-ရပ်ကွက်၊ သာကေတမြို့နယ်၊ မောင်စိုးထွန်း (TKA-၀၆၉၀၆၄)၊ မဝေဝေ (TKA-၀၆၉၀၄၃)တို့ကိုယ်တိုင်မှ နှစ်(၆၀) ဂရန်မူရင်းသည် နေရာအပြောင်းအရွှေ့များကြောင့် ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သာကေတနယ်မြေရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ နှစ်(၆၀)မြေငှား ဂရန်စာချုပ်၊ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်၍ အမှုတွဲအမှတ်-သကတ/၉/၀၂၅၇/၉၃ အရ (၂၇-၉-၉၃)ဖြင့် မူလထုတ်ပေးထားသည့် မောင်စိုးထွန်း (TKA-၀၆၉၀၄၅)၊ မဝေဝေ (TKA-၀၆၉၀၄၃) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မူရင်း စာအုပ်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်အမှတ်(ဥ-၇၄၂၂)ဦးဝင်းသိန်းထူး (ဘ) ဦးတင့်ဆန်းထူးအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးမျိုးအောင်[၁၂/သဃက (နိုင်)၁၅၇၇၇၀] (ဘ) ဦးစန်းဌေးမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၅၇၂၆/၂၀၂၂( ၈-၁၂-၂၀၂၂) တင်ပြ၍ ဒေါ်လဲ့လဲ့သင်း [၅/မလန(နိုင်)၀၂၂၈၂၀] (ဘ) ဦးတက်ဖေ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/မစိုးရိမ်မြောက်၊ ဦးပိုင်အမှတ် (၂ဃ)၊ ဧရိယာ (၀.၀၄၉)ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက် ဦးနေလကျော်[၉/ပမန(နိုင်)၂၃၈၈၄၀]မှ ဘိုးဘအမည်ပြောင်း မှတ်တမ်း၊ အရောင်းအဝယ်စာချုပ်အမှတ်(၀၅၂/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်နီလာလွင်[၉/ပမန(နိုင်) ၁၇၂၉၅၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

